# ဆယ်ကျော်သက်ကလေးငယ်နှင့်အတူရယ်မောခြင်း

## LAUGH WITH YOUR TEENAGER

## (Byron W. Arledge)

ကလေးသူငယ်တရားရုံးအတွက် နှစ်သိမ့်ဆွေးနွေး အကြံပေးသူတစ်ဦးအဖြစ် ကျွန်ုပ်တာဝန် ထမ်းဆောင်စဉ်တွင် မိဘအများစုသည် မိဘအဖြစ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း တာဝန်များကို အမှန်တကယ် ကြိုတင်ထားခြင်းမရှိကြကြောင်း တွေ့ရှိခဲ့ရသည်။ ဤစာအုပ်တွင် ကျွန်ုပ်တင်ပြထားချက်များမှာ မိဘနှင့်ကလေး သာမန်ဆက်ဆံရေးကို အလေးပေးထားသော်လည်း မည်သည့်ဆက်ဆံရေးမျိုးတွင်မဆို အသုံးချနိုင်ပါသည်။

**အဆင့် – ၁။ မိတ်ဆွေဖွဲ့ပါ။** တာဝန်သိသော၊ စိတ်ဓါတ်ကြံ့ခိုင်သော ကလေးများကို ပြုစုပျိုးထောင်မည်ဟု မျှော်မှန်းထားလျှင် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန် လုံလောက်သည်အထိ ကလေးများနှင့် ပါဝင်ပတ်သက်လာရန် လိုအပ်ပါသည်။

နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းတွင် ဆက်ဆံရေးတည်ဆောက်မှုသည် ၉၀%ပါဝင်နေသည်ဟု ကျွန်ုပ်ယူဆသည်။ ဆက်ဆံရေးမရှိလျှင် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို ဆောင်ရွက်၍မရပါ။ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းကို

ခရစ်တော်က သူ၏တပည့်သားများကို သင်ကြားပေးနိုင်ခြင်း ညွှန်ကြားပေးနိုင်ခြင်းမှာ သူတို့သည် သူ၏မိတ်ဆွေ သူငယ်ချင်းများဖြစ်ကြသောကြောင့်တည်း။

သူ၏ နမူနာအတိုင်း ကျွန်ုပ်တို့လိုက်နာကြလျှင် ကျွန်ုပ်တို့သည်လည်း အခြားသူများနှင့် အထူးသဖြင့် ကလေးများနှင့် ပါဝင်ပတ်သက်ကြရပေမည်။ မိတ်ဆွေ သူငယ်ချင်းဖွဲ့ခြင်းသည်ကား အရေးကြီးဆုံးအဆင့်ပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ ကလေးများနှင့် ဆက်ဆံရေးတည်းဆောက်ရန်နှင့် မိတ်ဆွေဖွဲ့ရန်တို့အတွက် နည်းလမ်း ၅သွယ်ကျွန်ုပ်အကြံပြုထားပါသည်။

**၁။ ဆုတောင်းပါ။** သူ၏ကလေးငယ်နှင့် ပတ်သက်ပြီး သူဘာမှ မတတ်နိုင်ကြောင်း မိဘတစ်ဦးက ကျွန်ုပ်ကိုနေ့စဉ်ပြောပြပါသည်။ မှားလေစွ။ ကျွန်ုပ်တို့ ကလေးငယ်အတွက်နှင့် ကျွန်ုပ်တို့ကိုယ်တိုင်အတွက် ကျွန်ုပ်တို့အစဉ်သဖြင့် ဆုတောင်းနိုင်ကြပါသည်။ ကျွန်ုပ်တို့၏ ကလေးငယ် ကလေးမမွေးဖွားမီ မွေးဖွားပြီးနိတာရဲ ကလေးအရွယ်ရောက်သည့်အတိုင် သူနှင့်အတူ နေ့စဉ်ဆုတောင်းကြပါသည်။ ကလေးတစ်ဦးအတွက် စတင်ဆုတောင်းရန် ဘယ်အခါမျှ နောက်ကျသည်ဟူ၍မရှိပါ။

**၂။ ကြင်နာပါ။** ကျွန်ုပ်တို့ကလေးများနှင့် မိတ်ဆွေသူငယ်ချင်းဖွဲ့ရာတွင် ဒုတိယအဆင့်မှာ ကြင်နာမှုရှိရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အလုံးစုံအရာမထင် အကျိုးမရှိဟု ခံစားရသောအခါတွင် ဘုရားသခင်က ကျွန်ုပ်တို့မျက်မှောက်တွင် ရှိနေပြီး ကြင်နာမှုသွန်းဖျဉ်းပေးသကဲ့သို့ မှတ်ယူကာ ကျွန်ုပ်တို့ကလေးများကိုလည်း "သူတစ်ပါးအပေါ်တွင် ကြင်နာပါ" ဟု ဆုံးမစကားပြောဆိုပါ။

ကြင်နာမှုရှိခြင်းဆိုရာတွင် ကျွန်ုပ်တို့ အိမ်နီးချင်းများကို ယဉ်ကျေးပျူငှာစွာပြောဆို ဆက်ဆံသကဲ့သို့ ကျွန်ုပ်တို့ ကလေးများအားလည်းယဉ်ကျေးပျူငှာ ချိုသာစွာပြောဆို ဆက်ဆံခြင်းလည်းပါဝင်သည်။

**၃။ နားထောင်ပါ။** ကျွန်ုပ်တို့ကလေးငယ်များ ဖွင့်ဟပြောဆိုသည်ကို နားထောင်ပေးရန် လိုအပ်သည့်သာမက သူတို့ဘာလုပ်သည်ဆိုသည်ကိုလည်း "နားစွင့်" နေရန်လိုအပ်ပါသည်။ စကားလုံးများသည် ဖွင့်ဟခြင်း၏ အချိုးအစားအနည်းငယ်မျှသာဖြစ်ပါသည်။ ၅နှစ်၊ ၁၀နှစ် သို့မဟုတ် ၁၅နှစ်သား ကလေးတစ်ဦးကို လူကြီးတစ်ဦးကဲ့သို့ ပြောဆိုဆက်သွယ်နိုင်မည်ဟု မျှော်လင့်ထား၍မရပါ။ ကလေးများ၏ "အပြုအမူ" ကိုပါနားစွင့်နေရပါမည်။ ကလေးတစ်ဦးသည် အိမ်မှုကိစ္စအတွက် ဘာလုပ်ပေးပါသနည်း။ အိမ်မှုကိစ္စဆောင်ရွက်ရန် သတ်မှန်ပေးထားပါသလား။ သူတို့၏ ပြုမူဆောင်ရွက်ပုံ နည်းလမ်းများက သူတို့၏စကားလုံးများထက် သူတို့အကြောင်းကို ကျွန်ုပ်တို့အားပိုမို ပြောပြနေပါသည်။ ၁၆နှစ်အရွယ်ကလေးတစ်ဦး၏ မိဘများသည် ထိုကလေးအား သူပြောစကားကို ၇၅ ရာခိုင်နှုန်းခန့် နားထောင်ပေးပြီး : ၂၅%ခန့်သာပြောပြသင့်သည်ဟု ကျွန်ုပ်ယူဆပါသည်။

ကလေးများကို အလေးပေးပါ။ ချမ်းသာကြွယ်ဝသော ၁၆နှစ်သမီးကလေးတစ်ဦးအား အလစ်သုတ်မှုဖြင့် ကလေးသူငယ်တရားရုံးသို့လွှဲပို့လာသည်။ သူ့ဖခင်က စားပွဲကိုလက်သီးနှင့်ထုရင်း သူ့သမီးအား "ညဖနာရီထိုးပြီးရင်အပြင် မထွက်ရဘူး။ မချိန်းရဘူး။ ပြီးတော့ကားကိုလည်း ဘယ်တော့မှယူမသွားရဘူး" ဟုပြောလိုက်ပါသည်။ ကလေးမလေးက ပြုံးနေပါသည်။ သူမ၏အပြုံးကို ကျွန်ုပ်သတိထားမိသည်။ သူမအပြုံးက ထူးဆန်းသလိုလိုပင်။ ဘာဖြစ်တာလဲဟု ကျွန်ုပ်ကမေးသောအခါ သူမက

"ဒီနှစ်တစ်နှစ်လုံး သမီးကို ဖေဖေစကားပြောတာ ဒီတစ်ခါပထမဆုံးပဲ" ဟုပြန်ပြောရင်း သူမ၏ဖခင်ကိုကြည့်ကာ "နောက်ဆုံးတော့ဖေဖေ သမီးအပေါ် အလေးထားတာကို သမီးရပြီပေါ့" ဟုပြောလိုက်ပါသည်။

အလေးထားမှုကို ပေါ့ပေါ့တန်တန် သဘောမထားးရပါ။ "အလေးထားမှုလိုချင်လို့ ဒီအမှုကိုကျူးလွန်တာပါ" ဟူ၍လည်း ကျွန်ုပ်တို့လွယ်လွယ် မပြောနိုင်ပါ။ ဖခင်က သူ့သမီးအတွက် အချိန်မပေးနိုင်လောက်အောင်ပင် သူအလုပ်ရှုတ်နေမိခဲ့ကြောင်း ဝန်ခံပါသည်။ သူပြောသည်ကို ကျွန်ုပ်ကလည်း လက်ခံပါသည်။

ဤအမှုတွင် ကလေးမလေးအား စာရိတ္တပြုပြင်ရေးကျောင်းသို့ လွှဲပို့ရန်မလိုအပ်ပါ။ အဖြေမှာ ဖခင်နှင့်သမီးတို့ အတူတကွ အလေးပေးမှု ရရှိပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်ရေးပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကလေးများ ဘာတွေဖြစ်နေသည်ကို ကျွန်ုပ်တို့နားစွင့်ရမည်ဖြစ်ပြီး ဖြစ်နေသောကိစ္စအကြောင်းကို သူနှင့်ဆွေးနွေးကာ အရေးယူဆောင်ရွက်ရပါမည်။

**၄။ ကလေးများပြုံးရွှင်အောင်ပြုလုပ်ပါ။** စတုတ္ထအဆင့်မှာ မိတ်ဆွေသူငယ်ချင်းဖွဲ့ရာတွင် သူတို့အားပြုံးရွှင်အောင် ပြုလုပ်ရပါမည်။ ထိုကိစ္စအတွင် ကျွန်ုပ်တို့အနေဖြင့် လူရွှင်တော် သင်တန်းတက်ရန်လည်း မလိုပါ။ ဘော့ပ်ဟုပ် (Bop Hope) ကို အတုခိုးရန်လည်း မလိုပါ။ ကျွန်ုပ်တို့၏ နေအိမ်ဝန်းကျင်တွင် သက်တောင့်သက်သာ အနေအထားဖြစ်အောင် ကြိုးစားရန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့က ပြုံးပြတတ်ရန် လေ့လာသောအခါ ရလဒ်အားဖြင့် ကျွန်ုပ်တို့ ကလေးများ၏ အလေးထားမှုကို ရရှိခြင်းပင် ဖြစ်ပါသည်။

**၅။ ထိတွေ့ပါ။** "ယနေ့ သင့်ကလေးကို ပွေ့ဖက်ပြီးပြီလား" ဟူသည် ကားဆန်ပါတွင် ကပ်ထားသော ဆောင်ပုဒ်တစ်ခုမဟုတ်ပါ။ ပွေ့ဖက်ခြင်းဖြင့် သင့်ကလေးငယ်နှင့် မိတ်ဆွေသူငယ်ချင်းပမာ ရင်းနှီးပွင့်လင်းမှု ရရှိစေပါသည်။ အဆင့် တစ်မှ လေးအထိလိုက်နာ လုပ်ဆောင်ပြီးလျှင်ပင် ထိတွေ့ခြင်းကို ကလေးတစ်ဦးက ခံယူရရှိလိုကြပါသည်။ ကလေးတစ်ဦးအနေဖြင့် တုန့်ပြန်သည့်သဘောမျိုး ပြုံးပြခြင်း ထိုသဘောမျိုးဆောင်သည်။ ကြည်နူးဝမ်းသာမှုပြခြင်း ပြုလုပ်သင့်ပါသည်။

သင်က သူနှင့်သူငယ်ချင်း ဖြစ်လိုကြောင်းပြသရန်အတွက် ကလေးငယ်အား များစွာထိတွေ့ရန် မလိုအပ်ပါ။ များစွာထိတွေ့ခြင်းကကလေးတစ်ဦးကို စိတ်မသက်မသာ ဖြစ်စေပါသည်။ တစ်နေ့လျှင် တစ်ကြိမ်မျှ လက်ဆွဲနှုတ်ဆက်ခြင်းကား မများလှပါ။ ကလေးအားလုံးလိုလိုပင် နှုတ်ကရင်းနှီးစကားပြောခြင်းနှင့် ကျောကိုပုတ်၍ ရင်းနှီးဟန်ပြခြင်းတို့ကို လိုလားကြပါသည်။

ကလေးသူငယ်တရားရုံးသို့ လူသတ်မှုဖြင့် ရောက်ရှိလာသော ကလေးများစွာက သူတို့အား ကျွန်ုပ်က ထိတွေ့ကြည့်ရန် တွန်းအားပေးကြသည်ကို ကျွန်ုပ်အံ့ဩမိသည်။ ကျွန်ုပ်ထိကိုင်နိုင်ရန် သူတို့ခြေထောက်ကလေးများကို ဆန့်ထုတ်ပေးကြသည်။ ကျွန်ုပ်၏လည်ပင်းတွင် လက်ဝါးကပ်တိုင် တံဆိပ်ကိုချိတ်ဆွဲပေးကြသည်။ ကျွန်ုပ်၏ နောက်မှကပ်၍ ပခုံးကိုသိုင်းဖက်ကြသည်။ စကားပြောသောအခါ ကျွန်ုပ်၏လက်ကို ထိကိုင်ထားကြသည်။ သူတို့၏ နံဘေးကိုတို့ထိလျှင် အားရပါးရပြုံးကြသည်။

ထိတွေ့ခြင်းနှင့်အတူ မျက်လုံးချင်းဆက်သွယ်မှုလည်း လိုအပ်သည်။ သင်သည် လူကြီးများနှင့်သာ မျက်လုံးချင်းပို၍ ဆက်သွယ်မှုရှိသည်ဟု ကျွန်ုပ်ယူဆပါသည်။ မျက်လုံးခြင်း ဆက်သွယ်ခြင်းမှာ သူတို့အား ရင်းနှီးပွင့်လင်းကြောင်း ပြဆိုရန်နှင့် သူတို့နှင့် ဆက်ဆံရေးတည်ဆောက်ရန် ဟူသောသဘောသက်ရောက်ပါသည်။

**အဆင့် – ၂။ တွေးခေါ်စဉ်းစားနိုင်ရန်ကူညီပါ။** မိတ်ဆွေဖွဲ့ပြီး လက်ရှိပြဿနာကို မေးမြန်းပြီးနောက် တွေးခေါ်ခြင်း ဆင်ခြင်ခြင်းသည် ကုစားခြင်း၏ ဒုတိယအဆင့်ဖြစ်သည်။ မေးမြန်းခြင်းမှာ ရည်ရွယ်ချက်ရှိသော ခေတ္တခဏဆိုင်းငံ့ခွင့်ပြုရေးအတွက် ဖြစ်ပါသည်။ ထိုသို့ ဆိုင်းငံ့နေသည့် ကာလအတွင်း လူငယ်အားစဉ်းစားရန် ကျွန်ုပ်တို့စောင့်ဆိုင်း နေကြရသည်။ သူတို့အတွက် ကျွန်ုပ် တို့စဉ်းစားခြင်း မဟုတ်ပါ။ ထိုသို့ ဆိုင်းငံ့ခွင့်ပြုခြင်းသည် "ဘုရားသခင်အား စိတ်ရှည်စွာ စောင့်ဆိုင်းတတ်သည့်" စွမ်းရည်လိုအပ်ပါ သည်။

ဦးစွာ စဉ်းစားပြီးမှ ဆိုင်းငံ့ခြင်းကို "အများဆိုင် အသိဉာဏ်" ဟု ခေါ်နိုင်ပါသည်။ လက်တွေ့ကျကျ တွေးခေါ်ဆင်ခြင်သော အတတ်ပညာကို သင်ကြားပေးခြင်း ကားတစ်စီးဖြင့် ခရီးသွားရာ၌ "အဲဒီတော့ဘာဖြစ်မလဲ" ဟူသော မေးခွန်းများ သို့မဟုတ် တီဗွီကြည့်နေစဉ်တွင် ဆက်စပ်နေသော အခြေအနေအမျိုးမျိုးနှင့် ပတ်သက်ပြီး ကလေးများအား "ကဲ အဲဒီတော့ သားဘာလုပ်မလဲ" ဟူသော မေးခွန်းများမေး၍ သင်ကြားပေးနိုင်ပါသည်။

**အဆင့် – ၃။ ကလေးသူငယ်အားဆုံးဖြတ်ပါစေ။** ကျွန်ုပ်တို့က ကလေးငယ်အား "သားလုပ်တဲ့အလုပ်က သားအတွက် အကျိုးရှိသလား" ဟုမေးရပါမည်။ ဤကား ခက်ခဲသောအဆင့် ဖြစ်ပါသည်။ ကလေးငယ်က ဆုံးဖြတ်ရန်ဖြစ်ပြီး သင်က ဆုံးဖြတ်ရန်မဟုတ်ပါ။ မိဘများ၊ ဘုန်းတော်ကြီး၊ ကျောင်းမှတာဝန်ရှိသူများနှင့် တရားရုံးမှ ပုဂ္ဂိုလ်များအနေဖြင့် သူတို့၏ အကဲဖြတ်ချက်များသည် သူတို့အတွက် မှန်ကောင်းမှန်ပါလိမ့်မည်။ သို့သော် ပြောင်းလဲပြုပြင်မှု လုပ်ရန်လိုအပ်သူမှာ သူတို့မဟုတ်ပါ။ ထို့ပြင် သူတို့သည် "သတ်မှတ်ထားသော အမှုသည်" လည်း မဟုတ်ကြပါ။

ပြင်းထန်သော အပြစ်ပေးမှု၏ ခြိမ်းခြောက်မှုကြောင့်သာ "ပြုမူရခြင်း" သည် ကလေးငယ်အား "ကောင်းသောအပြုအမူ" ၏ တန်ဖိုးကို သင်ယူရရှိနိုင်မည် မဟုတ်ပေ။ ထို့ပြင် ခြိမ်းခြောက်သော ပုဂ္ဂိုလ်အပေါ်တွင်ပင် ရန်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာစေပေသည်။

ကျွန်ုပ်တို့၏ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏ အမြင်များကို ဖွင့်ဟပြောပြနိုင်ကြသည်။ ကျွန်ုပ်

တို့တွင် ဆက်ဆံရေးမရှိလျှင် လူငယ်က ကျွန်ုပ်တို့၏ အမြင်များကို အရေးစိုက်လိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမြင်များသည်ပွင့်လင်း ရိုးသားပြီး ပုဂ္ဂိုလ်ရေးဆန်ကာ တိုတောင်းရမည်။ ထို့နောက် အဆင့်တစ်ကို ဆောင်ရွက်လျှင် အဆင်ပြေပေလိမ့်မည်။

အချုပ်အားဖြင့် ဆက်ဆံရေးကို ကြိမ်ဖန်များစွာ ပြုလုပ်ပြီးလျှင်မူကား ကလေးငယ်က သူ့ဘဝအတွက် ကောင်းကျိုးမပေးသော သူမှတ်မိသမျှ အရာများအကြောင်းကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုလာနိုင်ပါလိမ့်မည်။ ထိုအချိန်ကား ကျွန်ုပ်တို့ ဆုတောင်းနေသည့် အခိုက်အတန့်ပင် ဖြစ်တော့သည်။ ကျွန်ုပ်တို့ သူနှင့်သဘောထားကိုက်ညီကြပြီး လက်ရှိအခြေအနေများကို စတင်ဆွေးနွေးကြပါသည်။ ထိန်းချုပ်ထားသော လေးလံဖိစီးသည့် ဒေါသများနှင့် စိတ်ဓါတ်ကျဆင်းမှုများကို ကျွန်ုပ်တို့ ဖြေလွှတ်မပေးရပါ။ ထိုသို့ဖြေလွှတ်မည့် အစား အဆင့် လေးကို ဆောင်ရွက်ပါ။

**အဆင့် – ၄။ အစီအစဉ်ပြုလုပ်ရန်ကူညီပါ။** ဤအချက်တွက် အကြံပေးသူကပိုပြီး ထိုးထွင်းဝင်ရောက်ကာ ထဲထဲဝင်ဝင်ပြုလာ နိုင်ပါသည်။ သူက " ဒီအခြေအနေကို ပိုပြီးကောင်းလာအောင် တို့တွေ ဘယ်လိုလုပ်လို့ရမလဲ" ဟုမေးပါလိမ့်မည်။ အစီအစဉ်ကို လူငယ်ကပင် အကြံပေးပုဂ္ဂိုလ်နှင့် တိုင်ပင်ပြီး စီစဉ်ချမှတ်ရပါမည်။ လူငယ်က ထိုအခြေအနေကို ဖြေရှင်းနိုင်သော နည်းလမ်းအချို့ကို သူလှုပ်ရှားရုန်းကန်ခဲ့ရသော အတွေ့အကြုံများထဲမှ သူကိုယ်တိုင်သင်ယူ ရရှိလာပါလိမ့်မည်။

မည်သည့် အစီအစဉ်ကို အသုံးပြုသည်ဖြစ်စေ ထိုအစီအစဉ်သည် လတ်တလောတွင် လူငယ်စိုးရိမ် ပူပန်သည့်ကိစ္စနှင့် လိုက်လျောညီထွေ ရှိရပါမည်။ ထို့ပြင် ပကတိအခြေအနေကို လက်တွေ့ကျစွာ စီစဉ်ထားခြင်းဖြစ်ပြီး လူငယ်က လက်ရှိလိုအပ်ချက်များနှင့် လည်းအံဝင်ခွင်ကျ ဖြစ်ရပါမည်။ ရိုးရှင်းသော ဖွဲ့စည်းပုံ၊ တိုးတောင်းသော အရေးအသား ဥပမာ စာကြောင်းအနည်းငယ်မျှသာ ပါဝင်သောအစီအစဉ် ဖြစ်ရမည့်ပြင် အချိန်အနည်းငယ်သာ လိုအပ်ပါသည်။ အစပျိုးဆောင်ရွက်သည့် ကာလသည် ၂ရက်ခန့်ထက် မပိုရပါ။

ထိုနောက်မှသာ အစီအစဉ်ကို ကာလရှည်ကြာစွာ ချမှတ်ရပါမည်။ အစီအစဉ်တွင် ဆံပင်အရှည်မည်မျှ ထားရမည်။ အိပ်ရာအခြေအနေမည်သို့ ရှိရမည်စသည်တို့ကဲ့သို့ မထူးခြားသော ကိစ္စများကို အသေးစိတ်ထည့်သွင်းပြီး ရှုတ်ထွေးခြင်းမရှိစေရန် အရေးကြီးပါသည်။ သဘောတူချက်များကို ဦးစားပေးအစီအစဉ်များအလိုက် စာဖြင့်ရေးသားရမည်ဖြစ်ပြီး ရည်ရွယ်ချက်တစ်ခုလျှင် သဘောတူညီချက်တစ်ခု ဖြစ်ရမည်။

ပို၍ အရေးကြီးသည်မှာ အစီအစဉ်သည် လူငယ်အတွက် ကောင်းမွန်သော အောင်မြင်မှုအခွင့်အလမ်း လွယ်ကူစွာရရှိအောင် ပြီးစီးပြည့်စုံမှုရှိရန် ဖြစ်ပါသည်။ သီးခြားလူငယ်အတွက် သူကိုယ်တိုင်က ဆောင်ရွက်နိုင်သည်ဟု ယူဆသော လက်တွေ့ကျသည့် အစီအစဉ်ဖြစ်ရပါမည်။

**ကမ္ဘာ့အညံ့ဆုံး အိမ်ထောင်ရှင်မ။** ဘရန်ဒါ (Brenda) သည် ၁၉နှစ် သမီး သတို့သမီးလေးတစ်ဦးဖြစ်သည်။ သူမကိုယ်သူမ ကမ္ဘာ့အညံ့ဆုံး အိမ်ထောင်ရှင်မတစ်ဦး ဖြစ်မည်ဟု ခန့်မှန်းထားပါသည်။ ပစ္စည်းတစ်ခုခုကို ရှာဖွေလျှင် အလွန်ကြာတတ်သည်။ ဖုန်းဆက်လာလျှင်လည်း ဘယ်တော့မှမကိုင်ပါ။ အဘယ်ကြောင့်ဆိုသော ဖုန်းဆက်မေးသူကို သူမကရှာပြီး ခေါ်ပေးရမှာစိုးသောကြောင့်ဖြစ်သည်။ သူမအတွက် အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံရန်ချိန်းဆိုရေးကို တစ်ပတ်လုံးလုံးအချိန်ယူရသည်ဟု ဆိုသည်။

သို့သော် ဘရန်ဒါက သူမအိမ်ထောင်ရှင်မကောင်းတစ်ဦး ဖြစ်ရန်လိုအပ်သည့် ပြောင်းလဲမှုများတော့ ပြုလုပ်ချင်စိတ်ရှိပါသည်။ သူမအနေဖြင့် အိမ်သန့်ရှင်းရေး ကိစ္စတစ်ခုခုဆောင်ရွက်ပေးပါသလားဟု ကျွန်ုပ်ကမေးသောအခါ "အိမ်သန့်ရှင်းလုပ်ဖို့တော့ စိတ်ကူးရှိပါတယ်။ ကဲ ကျွန်မ အခုပဲအိမ်ကိုပြန်ပြီး တစ်အိမ်လုံး သန့်ရှင်းရေးလုပ် လိုက်ဦးမယ်" ဟုသူမက ပြောသည်။ ထိုသို့ သူမပြောခဲ့သည်မှာအကြိမ်ပေါင်း မရေတွက်နိုင်တော့ပါ။ သူမသည် တစ်နေ့လျှင် တစ်ခန်းကို ၅မိနစ်မျှသာ သန့်ရှင်းရေးလုပ်မည့် အကြံပေးခဲ့သည်။ နောက်ဆုံးတွင် သူမသန့်ရှင်းရေး လုပ်ဖြစ်ခဲ့သည်။

သူမ၏ လုပ်ငန်းအောင်မြင်ရေးအတွက် အစီအစဉ်တစ်ခု လိုအပ်ပါသည်။ သူမ၏ သန့်ရှင်းရေးပြုလုပ်ချိန်ကို နာရီတစ်လုံးဖြင့် တွက်ချက်လေ့ရှိသည်။ လုပ်ငန်းတစ်ခုပြီးတိုင်း သူမက "ငါအိမ်အလုပ်ပြီးပြီ၊ ဒီအခန်းကို သန့်ရှင်းရေး ၅မိနစ်လုပ်ပြီးပြီး၊ ဟော အခုတော့ဘယ်လောက် ကြည့်လို့ကောင်းလိုက်သလဲ" ဟု ထပ်ကာထပ်ကာ ပြောရပါမည်။ မကြာခင်မှာပင် သူမ၏အိမ်သည် ဘရန်ဒါ၏ စိတ်တိုင်းကျ ဖြစ်လာခဲ့တော့သည်။ စိတ်သစ်လူသစ်ဖြင့် အိမ်ထောင်ရှင်မ အစစ်ဖြစ်လာသောဘဝကို ဘရန်ဒါ သတိပြုလာပေပြီ။

**အဆင့် – ၅။ ကတိခံဝန်ခံပါ။** ဤအဆင့်တွင် အကျိုးကျေးဇူးကို ရှင်းလင်းစွာ သိမြင်နိုင်ပါသည်။ ဖိစီးမှုကတော့ ရှိနေမြဲဖြစ်သော်လည်း စိတ်ကမူ မူလအတိုင်း ထိန်းသိမ်းတည်ရှိဆဲ ဖြစ်ပါသည်။ ကတိခံဝန်ခံခြင်းကို ထုံးစံအားဖြင့် စာဖြင့်ရေးသားထားသော သဘောတူညီချက် ဖြစ်လေ့ရှိပါသည်။ ထို့ပြင် တိကျသောစကားလုံးများကို အသုံးပြုရပါသည်။ သဘောတူရေးသားချက် စာချုပ်သည် အစီအစဉ်၏ နောက်ဆုံးအဆင့်ဖြစ်သည်။ သဘောတူချက်တွင်ဖိစီးမှု လျော့ပါးခြင်းနှင့် လက်ရှိဦးစားပေးမှုများဟူ၍ ပါဝင်သည်။

ထို့ပြင် သဘောတူညီချက်တွင် ရည်မှန်းချက် ၃ခုထက်ပို၍ မပါဝင်သင့်ပါ။ ဖြစ်နိုင်ပါက သဘောတူကြောင်း လက်မှတ်ရေးထိုးရပါမည်။

ကလေးသူငယ်တစ်ဦး၏ လက်မှန်သည် အဓိပ္ပါယ်တစ်စုံတစ်ရာ သက်ရောက်ပါသည်။ သူ၏အမည်ကို သူပိုင်ဆိုင်ပါသည်ဟူသောသဘော ဖြစ်သည်။ သဘောတူစာချုပ်တစ်ခုတွင် ကလေးငယ်တစ်ဦး လက်မှတ်ရေးထိုးလျှင် သဘောတူထားသည့်အတိုင်း သူ

ဆောင်ရွက်ရမည်ဟု ယူဆနိုင်သည်။ သဘောတူစာချုပ်ကို ကျွန်ုပ်ကိုယ်တိုင်လက်မှတ် ရေးထိုးပြီး မိဘများကိုလည်း လက်မှတ်ရေးထိုးခိုင်းပါသည်။ ထိုနောက် သဘောတူစာချုပ် မိတ္တူကို ကလေးငယ်၏ တံခါး သို့မဟုတ် ရေချိုးခန်းကြည့်မှန် သို့မဟုတ် ရေခဲသေတ္တာ တံခါး သို့မဟုတ် မြင်နိုင်သည့်နေရာတွင် ကလေးငယ်က ကပ်ထားရန် ပြောပါသည်။ ထိုသို့ကပ်ထားခြင်းဖြင့် ကလေးငယ် မြင်သာရုံသာမက မိဘများလည်း ကလေးငယ်ကို သတိပေးနိုင်ပါသည်။ မိဘများအား ဖီလာဆန့်ကျင်ပြုလိုသော ဆန္ဒသည် ပြီးပြည့်စုံသော သဘောတူစာချုပ် တစ်ခုကိုဖိလာဆန့်ကျင် သကဲ့သို့ပင် ဖြစ်သည်။

မူရင်း သဘောတူစာချုပ်သည် အကျိုးသက်ရောက်မှု မရှိပါက ကျွန်ုပ်တို့အနေဖြင့် သဘောတူစာချုပ်၏ ရည်ရွယ်ချက်များ ကလေးငယ်၏ တာဝန်နှင့် မိဘများ၏ကဏ္ဍကို ထပ်မံအလေးပေးထားသော အခြားသဘောတူစာချုပ်တစ်ခုကို ရေးသားရပါမည်။

လူမှုရေး သဘောတူစာချုပ်တစ်ရပ်တွင် ရည်မှန်းချက်များကို ပရိယာယ်သုံး၍ အဓိပ္ပါယ်ဖွင့်ဆိုရလေ့ရှိပါသည်။ ဆုကြေး သို့မဟုတ် ချီးမြှင့်သည့် စာကြောင်းများကို သတိထားပါ။ သဘောတူစာချုပ်ကို အပြုသဘောဆောင်သော အသုံးအနှုန်းများဖြင့်သာ ရေးသားသင့်ပါသည်။ ယင်းသည် တိုးတောင်းရမည်။ လက်တွေ့ကျရမည်။ သဘောပေါက်လွယ်ရမည်။ အောင်မြင်မှုကို ရှေ့ရှုရမည်။ လတ်တလောစိတ်ကျေနပ်မှုနှင့် အောင်မြင်မှုအတွက် အလေးမပေးလိုပါ။ ကလေးငယ်အနေဖြင့် မည်မျှသေးငယ်သော အောင်မြင်မှုပင်ဖြစ်စေ အောင်မြင်မှုရရှိသဖြင့် ဖြစ်ပေါ်ရသော စိတ်ခံစားမှုကို တွေ့ကြုံခံစားရန် လိုအပ်ပါသည်။ သဘောတူစာချုပ်ကို အနည်းဆုံးတစ်ပတ်လျှင် တစ်ကြိမ်/အပတ်စဉ် ပြန်လည်သုံးသပ်သင့်ပြီး သက်ဆိုင်သည့်ကိစ္စအားလုံးကို ပွင့်လင်းရိုးသားစွာ ဆွေးနွေးရပါမည်။

## ဆက်လက်ထိန်းသိမ်းခြင်း

**အဆင့် – ၆။ စီမံချက်သစ်တစ်ရပ်ရေးဆွဲရန်ကူညီပါ။** သေချာစွာစီစဉ်ရေးဆွဲထားသော စီမံချက်တစ်ရပ်သည် အချိန်တိုင်းလိုလိုပင် အကျိုးသက်ရောက်ပါသည်။ သို့သော် အခြေအနေအမျိုးမျိုးပေါ်မူတည်၍ တစ်ခါတစ်ရံ သက်ရောက်မှုမရှိတတ်ပါ။

စီမံချက်တစ်ခု မအောင်မြင်သောအခါ မိဘများနှင့် အကြံပေးသူတို့ အနေဖြင့် အချည်းအနှီးဖြစ်မှုနှင့် စိတ်ပျက်မှုတို့ကို ခံစားကြရပါသည်။ ထိုအခါ "မိတ်ဆွေဖွဲ့ပါ" ဟူသောအဆင့် တစ်ကို ပြန်လည်စတင်ပြီး ပိုမိုခိုင်မာ ကျစ်လျစ်အောင် ကြိုးစားရမည့် ထူးခြားသောခွန်အား လိုအပ်ပါသည်။ ကျွန်ုပ်တို့ ဆက်လက်ထိန်းသိမ်းနေကြပါမည်။ ကျွန်ုပ်တို့လက်လျှော့လိုက်လျှင် ကလေးငယ်ကလည်း လက်လျှော့လိုက်ပြီး ယခင်က ထက်ပိုမိုဆိုးရွား လာနိုင်ပါသည်။

**မာတီ (Marty) ၏ကျောင်းပြေးမှု။** စီမံချက်ဟောင်းတစ်ခု အဘယ်ကြောင့် မအောင်မြင်ရသည့် ဆင်ခြေများကို လက်မခံဘဲ ကျွန်ုပ်တို့က စီမံချက်အသစ်တစ်ခုပြောင်းလျှင် ကလေးများအံ့သြကြသည်။ ၁၂နှစ်သားကလေး မာတီသည် စာသင်နှစ်ဝက်၏ပထမထက်ဝက်ကာလ (စာသင်နှစ်၏လေးပုံတစ်ပုံ) ကိုကျောင်းမတက်ခဲ့ပါ။ အဆင့် တစ်မှ လေးအထိ သူနှင့် ဆွေးနွေးဆောင်ရွက်ပြီးသောအခါ သူက "ကျွန်တော့်ရဲ့ ကျန်တဲ့ဘဝမှာ ကျောင်းတက်ရတော့မယ်" ဟုပြောလာပါသည်။ ထိုနောက် ကျွန်ုပ်က သူ့အား သူ၏ကျန်တဲ့ဘဝဟူသည် နောက်တစ်နေ့လားဟု မေးပါသည်။ သူက နောက်နေ့တွင် ကျောင်းတက်မည်ဟူသော သဘောတူစာချုပ်သစ်တစ်ခုကို လက်မှတ်ထိုးပါသည်။ ထိုသို့ ကျောင်းတက်ရမည် နောက်တစ်နေ့ ညနေ ၇နာရီတွင် ကျွန်ုပ်ထံဖုန်းဆက်မည်ဟုလည်း ပြောပါသည်။

နောက်တစ်နေ့ ည၉နာရီတွင် သူကျောင်းတက်ပြီးကြောင်း ဖုန်းဆက်ပါသည်။ အဆင့် ၅ သို့မရောက်ရှိသည့်တိုင်အောင် ဤသို့ ဖုန်းဆက်ခြင်း ဖြစ်ပါသည်။ ကလေးငယ် ၄ဦးသည် ရာသီဥတု သာယာသောနေ့၏ အလှအပကို ပြတင်းပေါက်မှ လှမ်းကြည့်နေကြသည်။ သူတို့၏ ဆရာမကလည်း ပျင်းယိလာသည်။ တကယ်တော့ ဆရာမက မာတီကို မုန်းနေပါသည်။ ကလေးတစ်ဦးက "ကျောင်းလစ်ရအောင်" ဟုအကြံပေးသဖြင့် သူတို့သည် ဆရာမ၏ ခွင့်ပြုချက်မရှိဘဲ ကျောင်းလစ်ခဲ့သည်။ မာတီ၏ ဇာတ်တိုက်ထားသော ဆင်ခြေများကို ကျွန်ုပ်လက်မခံဘဲ သူ့စကားကိုဖြတ်၍ မေးလိုက်သည်။ "မနက်ဖြန်မှာ မင်းကျောင်းတက်နိုင်မလား" မွန်းလွဲပိုင်းတွင် သူနေ့ဝက်ကျောင်းတက်သည်ကိုလည်းကောင်း နောက်နေ့များတွင်လည်း ဤသို့ပင် ကျောင်းတက်မည့်အကြောင်း ကျွန်ုပ်ထံဖုနးဆက်ပါသည်။

ကလေးတစ်ဦးသည် သူ့ကိုယ်သူ ယုံကြည်စိတ်ရှိရန် လေ့လာသင်ယူခဲ့သည်နှင့်အမျှ ပို၍တာဝန်သိတတ်လာပြီး သူ့ကိုယ်သူ ထိန်းချုပ်ရာတွင်လည်း ပို၍အောင်မြင်မှု ရရှိလာသည်။ မိမိကိုယ်မိမိ ထိန်းချုပ်ခြင်းသည် ကလေးငယ်များ သင်ယူရန် ခက်ခဲသောအရာတစ်ခုဖြစ်သည်။ တစ်ဦးတစ်ယောက်သည် ကိုယ့်ကိုထိန်းချုပ်ခြင်းကို လေ့လာပြီးခြင်းမရှိလျှင် ဘယ်အခါမျှ လူကြီးတစ်ဦးအဖြစ်သို့ ရောက်မလာနိုင်ပါ။ ရင့်ကျက်မှုဆိုသည်မှာ လူတစ်ဦးပိုင်ဆိုင်သော မိမိကိုယ်မိမိ ထိန်းချုပ်နိုင်စွမ်းကို တိုင်းတာခြင်းပင် ဖြစ်ပါသည်။ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်လေ မိမိကိုယ်မိမိ တန်ဖိုးထားတတ်လာလေလေပင် ဖြစ်ပါသည်။

**အဆင့် – ၇။ စည်းကမ်း** အဆင့် ၇မှာ စည်းကမ်းဖြစ်သည်။ ယင်းသည် အဆင့် ၆ကို ဆောင်ရွက်ပြီးမှသာ ထိရောက်မှုရှိပါသည်။ စည်းကမ်းကို ဆက်ဆံရေးအခြေအနေအတွင်း ချမှတ်ရမည်ဖြစ်သည်။ (အဆင့် ၁)။ အကြံပေးသူတစ်ဦးအနေဖြင့်

ကျွန်ုပ်တို့ အချိန်အားလုံး၏ ၇၅% သို့မဟုတ် အချိန်အများစုကို ဆက်ဆံရေးထူထောင်ရာတွင် အသုံးပြုပြီး ကျန်သော ၂၅% ကိုစည်းကမ်းတွင်သာ အသုံးပြုခွင့်ရပါသည်။

စည်းကမ်းသည် မျှော်လင့်ချက်ပေးခြင်းဖြစ်ပြီး အခြားတစ်ဘက်တွင်မူ အပြစ်ပေးခြင်းသည် ကြောက်လန့်အောင် တွန်းအားပေးရန်ရည်ရွယ်သည်။ အပြစ်ပေးခြင်းသည် အပြစ်ပေးသူအတွက် စိတ်သက်သာရာရစေပြီး အပြစ်ပေးခံရသူတွင် ထိခိုက်နာကျင်စေသည်။ စည်ကမ်းတွင် သာလွန်ထူးကဲသော အနာဂတ်ပါဝင်ပြီး အပြစ်ပေးခြင်းကား ထိုသို့မဟုတ်ပါ။

**သစ်တောထဲတွင်လမ်းလျှောက်ခြင်း။** ဆေးရုံမှအကြောင်းကြားသောအခါ မိခင်တစ်ဦးအနေဖြင့် အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားခဲ့ရသည်။ သူမ၏ ၁၅နှစ်အရွယ် တစ်ဦးတည်းသော သားကလေးသည် သူ့ကိုယ်သူသတ်သေရန် ကြိုးစည်ခဲ့သည်။ မိခင်မှုကား စိုးရိမ်စိတ်ဖြင့် မှုန်ထူနေရှာသည်။ သူမက စကားကို မနားတမ်းတတွတ်တွတ် ပြောသည်။ ထိုနောက် ရပ်လိုက်ပြီး ထိုနောက် ဖြေးလေးစွာဖြင့် စဉ်းစားပြီး "တွမ်ကို ဘယ်လိုအပြစ်ပေးရမလဲ မသိဘူး" ဟု ရုတ်တရက်ပြောချလိုက်ပါသည်။

ကျွန်ုပ်က သူမအား ခဏသည်းခံရန် ပြောလိုက်သည်။ သူမ၏ မေးခွန်းမှားနေသည်။ ဒီထက်ကောင်းသော နည်းလမ်းရှိကြောင်း သူ့ကိုပြောပြသည်။ တွမ် (Tom) ပြုံးသည်ကို ဘယ်အချိန်တွင် သူမနောက်ဆုံးတွေ့ရသနည်းဟု ကျွန်ုပ်ကမေးလိုက်သည်။

သူမက အတန်ကြာ စဉ်းစားပြီး သစ်တောထဲမှ လမ်းလျှောက်၍ ပြန်လာပြီးသောအခါ တွမ်ပြုံးသည်ကို တွေ့ရကြောင်း ပြောပြသည်။ စင်စစ် သစ်တောထဲတွင် တွမ် ဘာလုပ်နေသည်ကို သူမမသိပေ။

ကျွန်ုပ်က သူမအား တွမ်ကိုခေါ်၍ နောက်တစ်နေ့တွင် သစ်တောထဲသို့ လမ်းလျှောက်ထွက်ကြရန် ပြောကြည့်ပါလားဟု အကြံပေးလိုက်သည်။ သူတို့ သားအမိနှစ်ဦး နောက်တစ်နေ့လမ်းလျှောက် ထွက်ပြီးမှ ကျွန်ုပ်နှင့် တွေ့ကြရန် ဖြစ်ပါသည်။

ထိုအစီအစဉ်ကို သူမကသဘောမတူပါ။ တွမ်ကို အပြစ်ပေးရန် လိုသည်ဟုသာ ယူဆနေသည်။ ကျွန်ုပ်ကမူ တွမ်အနေဖြင့်အသက်ရှင်သန်ရန် လိုသည်ဟုယူဆသည်။

မိခင်က သစ်တောထဲသို့ လမ်းလျှောက်ထွက်ရန် အကြံပြုသောအခါ ချာတိတ်ကလေးက သူ့မိခင်ကို စိုက်ကြည့်နေသည်။ နောက်ဆုံးတွင် သဘောတူလိုက်သည်။ သူတို့သွားဖူးသော နေရာသိုပ စကားသိပ်မပြောဖြစ်ကြဘဲ လမ်းလျှောက်ခဲ့ကြသည်။ သစ်ကိုင်းများပေါ်တွင် နှင်းခဲများ သီးနေသောသစ်ပင်တစ်ပင်အောက်၌ မတ်တပ်ရပ်လိုက်ကြသည်။ မိခင်က သစ်ကိုင်းတစ်ကိုင်းကို ဖမ်းဆွဲပြီး သစ်ကိုင်းပေါ်တွင် တင်နေသောနှင်းခဲများကို ပျော်ရွှင်စွာလှုပ်ခါချလိုက်သည်။ နှင်းခဲများက ချာတိတ်၏ခေါင်းပေါ်သို့ ကျလာကြသည်။

ချာတိတ်က အံ့သြသွားပြီး ပြုံးလိုက်သည်။ ထို့နောက် ရယ်ကာမောကာနှင့် သူ့မိခင်အား နှင်းခဲများဖြင့် ပစ်လိုက်သည်။ မိခင်ကမည်သို့ရှောင်ရှားရမှန်းပင် မသိတော့ချေ။ သူမ၏ နှင်းခဲများမှာ သူ၏အပြုံးကြောင့် လွဲချော်နေခဲ့သည်။ ထို့နောက်တွင် သူမသည် မိဘသဖွယ် ပြုစုစောင့်ရှောက်ရေးနည်းလမ်းကို ရရှိသွားခဲ့သည်။

အကြံပေးသည့် ကာလအတွင်း မင်းဘာကြောင့် အသက်ရှင်နေရသလဲဟု ကျွန်ုပ်က တွမ်ကိုမေးလိုက်သည်။ သူက ချက်ချင်းပင်ပြုံးလိုက်ပြီး ပေါ့ပါးစွာ ရယ်မော၍ "မေမေက သားခေါင်းပေါ်ကို နှင်းခဲတွေခါချတယ်" ဟုသာပြန်ပြောပါသည်။

မိခင်က စည်းကမ်းသတ်မှတ်ရန် လေ့လာခဲ့သည်။ တွမ်ကလည်း လိုက်နာရန် သဘောတူသည်။ သူတို့နှစ်ဦးအတူတကွ ရယ်မောပျော်ရွှင်နေကြသည်။ မိဘနှင့် သားသမီးကြား ဆက်ဆံရေးတစ်ခုကား ထူထောင်ခဲ့ပေပြီ။ သူတို့နှစ်ဦးစလုံး မိမိကိုယ်မိမိ ယုံကြည်စိတ်ရရှိသွားသည့်အပြင် အပြန်အလှန်လည်း ယုံကြည်မှု ရရှိသွားကြသည်။

ကလေးသူငယ် တရားရုံးတွင် အချို့အချိန်များ၌ အောက်ပါ "စည်းကမ်းအတွက် လမ်းညွှန်ချက်များ" ကို သင်တန်းလက်စွဲအဖြစ် ကျွန်ုပ်တို့အသုံးပြုကြပါသည်။

ချမှတ်ရမည့် လမ်းညွှန်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကလေးငယ်အား ကန့်သတ်ချက်များကို ရှင်းလင်းစွာပြောပြပါ။ ကလေးငယ်များ ပြောပြသည့်အတိုင်း လုပ်ဆောင်မည်ဟု မမျှော်လင့်မီ သူတို့အမှားနှင့်အမှန်ကို သေချာစွာနားလည် သဘောပေါက်ပါစေ။ သင်မပြောပြလျှင် သူတို့ဘာသာ အလိုအလျောက် သဘောပေါက်လိမ့်မည်ဟု မယူဆသင့်ပါ။ အကြောင်းမူ ယင်းတွင် သင်ယူမှုဖြစ်စဉ်များ ပါဝင်နေ၍ ဖြစ်သည်။ အမှားနှင့် အမှန်ကြား ကွဲပြားခြားနားမှုကို သင်ယူခြင်းသည် နှေးကွေးသောလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ကလေးများအား ပြောပြရမည်။ တစ်ခါတစ်ရံ မည်သို့ဖြစ်သည်ကို ပြသရမည်။ ထို့နောက် သူတို့အား ထပ်ခါထပ်ခါ ပြောပြရမည်။ အထူးသဖြင့် အခြေအနေသစ်တစ်ရပ်တွင် ပို၍ပြောပြရမည်။ အဓိကသော့ချက်မှာ စိတ်ရှည်ခြင်းပင်ဖြစ်သည်။

၂။ ကလေးငယ်ထံသွား၍ သူတို့ကိုတိုက်ရိုက်စကားပြောပါ။ အခန်းတစ်ဘက်မှ ဖြစ်စေ၊ ဟောခန်းတစ်လျှောက်ဖြစ်စေ လှမ်းအော်၍ မခေါ်ရပါ။ အေးဆေး၍ နှစ်သက်ဖွယ်အသံဖြင့် ပြောပါ။ ကလေးငယ်၏ မျက်စိနှင့် သင်၏မျက်နှာတို့ တစ်တန်းထဲဖြစ်အောင်ခါးညွှတ်၍ဖြစ်စေ ဒူးထောက်၍ဖြစ်စေ ပြောပါ။ ဤနည်းဖြင့် စကားပြောနေစဉ်အတွင်း ကလေးငယ်၏ အာရုံစူးစိုက်မှုကို သေချာစွာရရှိနိုင်ပါသည်။

၃။ ကလေးငယ် နားလည်နိုင်သော တိုတောင်းရှင်းလင်းပြီး အဓိပ္ပါယ်ပြည့်ဝသည့် စကြောင်းများဖြင့် ပြောပါ။ မလိုအပ်သော ရှင်းလင်းပြောကြားမှုများကို ရှောင်ပါ။

၄။ သင်က ရွေးချယ်မှုတစ်ခုအတွက် အာမခံချက်မပေးနိုင်ဘဲ ကလေးငယ်အား မရွေးချယ်ခိုင်းပါနှင့်။ "မင်းအနွေးထည်ဝတ်ချင်သလား" ဟုမမေးပါနှင့်။ ကလေးငယ်အနေဖြင့် အနွေးထည်ဝတ်ရန် လိုအပ်လျှင် "အပြင်မှာအေးနေတယ်။ ဆွယ်တာဝတ်လိုက်ပါ" ဟု ပြောပါ။ သင့်အနေဖြင့် ကောင်းရာသို့ညွှန်ပြသော စကားကိုပြောလျှင် ရွေးချယ်စရာလမ်းလည်း မရှိလျှင်ရွေးချယ်ခွင့် မပေးပါနှင့်။

၅။ ကလေးငယ်အား အပြုသဘောနည်းဖြင့် အကြံပြုပါ သို့မဟုတ် ပြောပါ။ "ဘောလုံးကို ကြမ်းပြင်ပေါ်မှာပုတ်ပါလား"။ အပြုသဘော အလေးထားမှုသည် ကလေးငယ်အား သူဘာလုပ်ရမည်ကို သဘောပေါက်စေသည်။ "ပြတင်းပေါက်တွေ မထိစေနဲ့နော်" ဟူသော စကားသည် ဆန့်ကျင်ဘက်သဘောဆောင်သော ချဉ်းကပ်မှုမျိုးဖြစ်သည်။ ယင်းစကားက ကလေးငယ်အား မလုပ်ရမည့်ကိစ္စကိုဖေါ်ပြသည်။ အပြုသဘော ဖေါ်ပြချက်ကို အသုံးပြုခြင်းဖြင့် ကလေးငယ်တဲင် ငြင်းဆန်လိုမှု လျော့နည်းစေသည်။ ကလေးငယ်ပြုလုပ်နေသည်ကို ရုတ်တရက် ရပ်တံ့ရန်လိုအပ်လျှင် "မလုပ်နဲ့" သို့မဟုတ် "ရပ်လိုက်စမ်း" ဟူသော အရေးပေါ်စကားလုံးများကို မသုံးပါနှင့်။

မည်သည့်စည်းကမ်းမျိုးမဆို မကောင်းသော အပြုအမူ၏ လိုအပ်ချက်နှင့် ကိုက်ညီသောအဆင့်ရှိရမည်။ အသိပေးခြင်းကို မလွဲမရှောက်သာ ပြုလုပ်ရသော နောက်ဆုံးအဆင့် အဖြစ်သုံးရမည်။

သီးခြားခွဲ၍ထားခြင်းသည် စည်းကမ်းသတ်မှတ်ခြင်း၏ ထိရောက်သောနည်းလမ်း တစ်ခုဖြစ်နိုင်သည်။

**လော်ရာ၏ စူးရှသောအော်ဟစ်မှု။** ကျွန်ုပ်၏ သမီး လော်ရာ(Laura) သည် နှစ်နှစ်သမီးအရွယ်ရောက်သောအခါ ဝမ်းနည်း၍ စူးစူးဝါးဝါးအော်ဟစ်ငိုကြွေးလေ့ ရှိပါသည်။ မကြာခဏတော့ အော်ဟစ်လေ့မရှိပါ။ သို့ရာတွင် သူမအော်ဟစ်သည့်အခါတိုင်း သူမ၏မိခင်နှင့် ကျွန်ုပ်တို့ စိတ်အနှောက်အယှက် ဖြစ်ရလေ့ရှိပါသည်။ တစ်ညနေတွင် သူမကပို၍ဒေါသတကြီး အော်ဟစ်နေပါသည်။

အန်း (Ann) နှင့် ကျွန်ုပ်တို့ သူမ၏ ပြဿနာကိုဖြေရှင်းရန် အခက်အခဲတွေ့နေ ကြပါသည်။ ကျွန်ုပ်က ဒေါသတစ်ကြီးနှင့် လော်ရာကို သူမ၏ အခန်းထဲသို့ခေါ်သွားပြီး ကြမ်းမောင်း ရိုက်ပုတ်ခဲ့ပါသည်။

သူမကပို၍ အော်ငိုပါသည်။ သူမ၏ အောက်နှုတ်ခမ်းလေးများ တုန်လာပါသည်။ သူမလည်း နာသွားသလို ကျွန်ုပ်လည်း နာနေပါသည်။

ထို့နောက် သတိကိုထိန်းချုပ်၍ ကြမ်းပြင်ပေါ်တွင် သူမနှင့်အတူ ထိုင်ချလိုက်ကာ သူ၏တောင့်တင်းနေသော လက်မောင်းကလေးများကို ဖက်လိုက်မိပါသည်။ သူမက မျက်ရည်များကြားမှ ကျွန်ုပ်ကိုစိုက်ကြည့်ပြီး အနားသို့တိုးကပ်လာကာ ကျွန်ုပ်ကိုဖက်ထားပါသည်။ "သမီးကို မေမေချစ်ပါတယ်" ဟုတိုးတိုးလေး ပြောလိုက်သည်။ "သမီးအငိုတိတ်မယ်ဆိုရင် အခန်းအပြင်ထွက်လာလို့ရတယ်။ ဖေဖေ အပြင်ဘက်တံခါးမှာ စောင့်နေလိမ့်မယ်"။

ကျွန်ုပ်တံခါးကို ပိတ်လိုက်သည်။ သူမက တံခါးကိုချက်ခြင်း ပြန်ဖွင့်သည်။ ကျွန်ုပ်က စောင့်ကြည့်နေပြီး တံခါးနားသို့ကပ်ကာ ကျွန်ုပ်၏ ညွှန်ကြားချက်ကို တိုးတိုးလေးထပ်ပြောလိုက်သည်။ ခဏကြာသောအခါ အငိုတိတ်သွားသည်။ သူမအခန်းထဲမှ ထွက်လာသောအခါ ကျွန်ုပ်တို့က သူမကိုအားရပါးရ ပွေ့ချီနှုတ်ဆက်ပြီး လှိုက်လှဲစွာ ချီးမွမ်းလိုက်ပါသည်။

ထိုနမူနာကို လော်ရာသင်ခန်းစာရသည်အထိ ကျွန်ုပ်တို့ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။

ကလေးများတွင် မိဘများအား ကျေနပ်နှစ်သက်စေလိုသော သဘာဝဆန္ဒ ပါလေ့ရှိကြသည်။ သတိပြုမိသည်။ ထိုဆန္ဒ အလဟသဖြစ်သောအခါ အချို့ပြဿနာများ ပေါ်ပေါက်လာရသည်။ သို့ရာတွင် ကျွန်ုပ်တို့ မည်သို့စည်းကမ်း သတ်မှတ်ခြင်းဟူသော အချက်က ပို၍ အဓိကကျပါသည်။

အကြောက်တရားသည် ကြာရှည်မခံပါ။ ချစ်ခြင်းမေတ္တာသည် ထာဝရတည်တံ့ပါသည်။

**အဆင့် – ၈။ ဘယ်အခါမှ လက်မလျှော့ပါနှင့်။** ကျွန်ုပ်တို့ ကလေးများအပေါ် ဘယ်အခါမှ ကျွန်ုပ်တို့ လက်မလျှော့ကြပါ။ ကျွန်ုပ်တို့ အမြဲတန်းဆုတောင်းပြီး "ဆက်လက်ထိန်းသိမ်း" လေ့ရှိကြပါသည်။ ကျွန်ုပ်တို့၏ မျှော်လင့်ချက် ထိန်းသိမ်းရေးကိုခြားနားစေသော အချက်မှာ စိတ်ပျက်လာခြင်းပင် ဖြစ်သည်။

ကလေးတစ်ဦး၏ အပြုအမူပုံစံတစ်ခုကို ပြောင်းလဲရန် တစ်ခါတစ်ရံ နှစ်ပေါင်းများစွာ ကြာမြင့်တတ်ပါသည်။ ကလေးတစ်ဦးသည်အသက် ၁၇နှစ်ရှိပြီးဆိုလျှင် မိဘများ၏ အပြုအမူပုံစံကို လေ့လာသင်ယူရန် သူ့တွင်နှစ်ပေါင်းများစွာ ရှိနေပါသည်။ သူတစ်ပါးအားမယုံကြည်တတ်သည့် ခိုင်မာသော စိတ်နံရံတစ်ခုတည်ဆောက်ရန်လည်း အချိန်များစွာရရှိပါသည်။ ယင်းကို လအနည်းငယ်အတွင်း ဖြိုချနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားလျှင်ကား ကျွန်ုပ်တို့မရေတွက်နိုင်သော အမှားများကို ပြုလုပ်ခြင်းမည်ပေသည်။

ကလေးငယ်က သူ၏ပြဿနာကို မပြောသော်လည်း ကျွန်ုပ်တို့က သူ့ကိုလက်မလျှော့ရပါ။ ကလေးငယ်က ကျွန်ုပ်တို့အား သူကိုယ်တိုင် ယုံကြည်စိတ်ဝင်လာသည်အထိ ကျွန်ုပ်တို့က စိတ်ရှည်စွာစောင့်ဆိုင်းရပါမည်။ "သားရဲ့ အခက်အခဲကို ဆွေးနွေးကြရ

အောင်ဟုပြောမည့်အစား “ကဲ အပြင်ထွက်ပြီး ဟန်ဘာဂါလေးဘာလေး စားရအောင်” သို့မဟုတ် “ကဲ တို့တွေ အလုပ်တစ်ခုခု အတူလုပ်ကြရအောင်” ဟုပြောနိုင်ပါသည်။

“ဘယ်အခါမှ လက်မလျှော့ပါနှင့်” ဟူသော အဓိပ္ပါယ်ကား ကလေးငယ်ကို စောင့်ဆိုင်းနေခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်သိပ်အလုပ်ရှုတ်နေတယ် သို့မဟုတ် သားရဲ့စကားကို နားမထောင်နိုင်ဘူး ဟူသောစကားမျိုး ပြောတတ်သောပုဂ္ဂိုလ်မျိုး မဟုတ်ကြပါ။ ကျွန်ုပ်တို့တွင် မည်မျှကြာပါစေ စိတ်ရှည်သည်းခံမှု၊ ချစ်ခြင်းမေတ္တာနှင့် ဖေါ်ထုတ်လိုသော ပြင်းပြသည့်ဆန္ဒ ရှိကြပါမည်။ ကလေးငယ် ကိုယ်တိုင်က လက်လျှော့ထားပြီး ဖြစ်လင့်ကစား ကျွန်ုပ်တို့က ဆက်သွယ်လိုစိတ် ဂရုစိုက်အလေးပေးလိုစိတ် ရှိရပါမည်။ မည်သို့ပင် ဖြစ်ပါစေ နောက်ဆုံးတွင် ကလေးငယ်၏ အလေးပေးမှုကို ကျွန်ုပ်တို့မလွဲမသွေ ရရှိကြပါလိမ့်မည်။

**ပထမဆုံးစကားလုံး ။** သူမ၏သားကလေးအား တစ်ခုခုပြုလုပ်ပေးပါရန် မိခင်တစ်ဦးက ကျွန်ုပ်အားဖုန်းဆက်ပါသည်။ သူမ၏ ၈နှစ်သားကလေးအား သူမမည်မျှပင် ကြိုးစားသွန်သင်ပါသော်လည်း သူမခိုင်းသမျှကို ဘာမျှမလုပ်ကြောင်း သူ့ကိုလည်းကောင်း သူ၏ညီမလေးကိုလည်းကောင်း လက်လျှော့လိုက်ပြီ ဖြစ်ကြောင်း ပြောပြပါသည်။

မိခင်က သူ၏ ခြောက်နှစ်သားကလေးကို ရုံးခန်းထဲသို့ ခေါ်လာသည်။ ကလေးငယ်သည် ကျောင်းမသွားသည့်ပြင် ပြဿနာများစွာရှိနေပုံရသည်။ မိခင်က နှစ်နှစ်ခွဲခန့်ရှိ သမီးကလေးကိုလည်း ခေါ်လာသည်။ ကလေးမလေးအား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ခိုင်းလိုက်သည်။ “အဲဒီမှာထိုင်နေ မလှုပ်နဲ့နော်” ဟုပြောလိုက်သည်။

မိခင်က စိတ်ပျက်လက်ပျက် ဖြစ်နေပုံဖြင့် သူ၏သားကလေး မည်မျှဆိုးဝါးကြောင်း ပြောပြသည်။ ၁၅မိနစ်ခန့်ကြာသောအခါ နှစ်နှစ်ခွဲ ကလေးမလေးက ကုလားထိုင်ပေါ်မှာ ဖြည်းဖြည်းလေးထရန် ခြေထောက်ကလေးများအား ဆန့်ထုတ်လိုက်သည်ကို ကျွန်ုပ်သတိပြုလိုက်မိသည်။ မိခင်က “မလှုပ်နဲ့နော်လို့ပြောထားတယ်နော် နင့်ခေါင်းကို ငါအမှိုက်ပုံးနဲ့ စွပ်ထားလိုက်မယ်” ဟု ပြောလိုက်သည်။

ကျွန်ုပ်အနေဖြင့် အမှိုက်ပုံးကို နေရာရွှေ့ထားရန် စိတ်ကူးလိုက်မိသည်။

ကျွန်ုပ်က ကလေးမလေးထံ ခပ်မြန်မြန်လျှောက်သွား လိုက်သည်။ သူမက ကျွန်ုပ်စကားမပြောမချင်း မော့မကြည့်ပါ။ ထို့နောက် ၆နှစ်အရွယ် ကလေးတစ်ဦး၏ မျက်လုံးထဲတွင် ကျွန်ုပ်တွေ့ရခဲသော နာကျင်မှုတစ်မျိုးကို ကလေးမလေး၏ မျက်ဝန်းထဲတွင် တွေ့လိုက်ရသည်။

ကျွန်ုပ်၏ အံ့ဆွဲထဲမှ မုန့်အချို့ကိုယူ၍ ကလေးမလေးရှေ့တွင် ဒူးထောက်လိုက်သည်။ မျက်လုံးချင်းဆုံမိရန် ကြိုးစားလိုက်သည်။

မုန့်စားမလားဟု ကျွန်ုပ်ကမေးသောအခါ ခွင့်ပြုချက်တောင်းသည့်အနေဖြင့် သူ့မိခင်ကို လှမ်းကြည့်လိုက်သည်။ သူမအား “ကျေးဇူးတင်ပါတယ်” ဟု တစ်ခါနှစ်ခါ ပြောလိုက်သည်။ သူ့အမေက ကျေးဇူးတင်ပါတယ်လို့ သူ့သမီးက ပြောစေချင်တာလားဟု မေးသဖြင့် ကျွန်ုပ်ကသေချာတာပေါ့ဟု ပြောလိုက်သည်။ သူ့မိခင်က စိတ်မကောင်းစွာဖြင့် “အင်း သူ့ဘသဝမှာစကားတစ်လုံးမှ မပြောဘူးသေးဘူး။ သူစကားပြောတတ်အောင်လုပ်ဖို့ ကျွန်မလက်လျှော့ခဲ့တာကြာခဲ့ပြီ” ဟုပြောပါသည်။

ထိုအချိန်တွင်ပင် လူငယ်လေးအာ “မေမေ့ကိုတစ်ခါမှ စကားကောင်းကောင်း မပြောဘူးလား။ ကောင်းကောင်းချက်ကျွေးလို့ ကျေးဇူးတင်ပါတယ် မေမေလို့တောင် မပြောဘူးလား။ ဒီတစ်ပတ်ထဲမှာ မေမေထမင်းချက်ကျွေးတာကို ကျေးဖူးတင်တဲ့အကြောင်း မပြောနိုင်ဘူးလား” ဟု သိမ်မွေ့စွာမေးရာ သူကပြောနိုင်ကြောင်း သဘောတူပါသည်။ မိခင်ကို ချိုချိုသာသာပြောပါက မိခင်ကလည်း စိတ်ချမ်းသာလိမ့်မည်ဖြစ်ကြောင်း ပြောပြပါသည်။ တစ်ကယ်တော့ ကျွန်ုပ်က မိခင်ကိုပါသွယ်ဝိုက်သောနည်းဖြင့် ပြောလိုက်ခြင်းဖြစ်ပါသည်။ သို့ရာတွင် သူမအား ထိုကိစ္စကိုအကြံပေးခြင်း မပြုပါ။ သူမကား အလွန်ဆင်ခြေများပါသည်။

နောက်တစ်ပတ်တွင် လူငယ်လေးမှာ အလွန်စိတ်လှုပ်ရှား နေပါသည်။ အကြောင်းမူ လွန်ခဲ့သောညက သူ့မိခင်ထမင်းဟင်းချက်သည်ကို “ကောင်းသည်” ဟုသူပြောခဲ့ရသောကြောင့် ဖြစ်ပါသည်။ သူ၏မျက်လုံးများက ရွှန်းလဲ့နေပြီး လျှာကလေးကို တစ်လစ်ထုတ်ကာ “တီတီသိလား မနေ့ညက မေမေကသားကို သိပ်တယ်။ ပြီးတော့ မွှေးမွှေးလည်းပေးတယ်” ဟုဆက်၍ ပြောပြခဲ့ပါသည်။

ချာတိတ်ကလေးက ကျွန်ုပ်အားပြောပြနေစဉ်တွင် ကလေးမလေးက သူမ၏ အစ်ကိုနားသို့ လျှောက်လာပါသည်။ သူမ၏လက်ကလေးကို ကျွန်ုပ်စားပွဲအံ့ဆွဲ ပေါ်တွင် တင်ထားပါသည်။ သူမအား သကြားလုံးယူမလားဟု မေးပါသည်။ ကျွန်ုပ်သည် သကြားခါတ်၊ အာဟာရဓါတ်နှင့် လှုပ်ရှားမှု လွန်ကဲသောကလေးများအကြောင်းကို သိပါသည်။ သို့သော် ယခုမူဦးစားပေးစရာ ရှိနေပါသည်။ မိခင်နှင့် ချာတိတ်ကလေးကို အပြင်ထွက်ပေးရန် ပြောလိုက်ပြီး ကလေးမလေးကို ကျွန်ုပ်၏ပေါင်ပေါ်တွင် ထိုင်ခိုင်းလိုက်ပါသည်။ သူမသကြားလုံးစားနေစဉ်တွင်ပင် ကျွန်ုပ်၏အံဆွဲကို သူမအားဆွဲဖွင့်ခိုင်းပါသည်။ သူမဆွဲဖွင့်သောအခါ ကျွန်ုပ်က သူမအားချီးမွမ်းစကားပြောပါသည်။ မိခ်ငက အခန်းထဲသို့ပြန်ဝင်လာပြီး ကလေးမလေး ညစာစားပျက်တော့မည်ဟု ကျွန်ုပ်ကိုအပြစ်တင်ပါသည်။ ကျွန်ုပ်က သူမ၏ညစာကို ဖျက်ဆီးသည်ဟုဆိုပါသည်။ သူမ၏ ဘဝကိုဖျကဆီးခြင်းထက် ညစာကိုဖျက်ဆီးတာက တော်ပါသေးသည်။

သူတို့မိသားစုထွက်သွားကြသည်။ သို့သော် ခဏအတွင်းတွင်ပင် ကလေးမလေးက တံခါးဆီသို့ ပြန်ပြေးလာပါသည်။ သူမက လက်ကလေးကိုမြှောက်ပြီး ဝှေ့ရမ်းပြပါသည်။ ကျွန်ုပ်က သူမ၏ရှေ့တွင် ဒူးညွတ်လိုက်ပါသည်။ သူမက ရုတ်တရက်ဆိုသလိုပင် “ကျေးဇူးတင်ပါတယ်” ဟူသော သူမဘဝ၏ ပထမဆုံးစကားလုံးကို ပြောလိုက်ပါတော့သည်။

## ပြုစုသောမိဘများ၏အရည်အသွေးများ

**လော်ရာ၏စက်ဘီး။** ကျွန်ုပ်တို့သမီးကလေး လော်ရာ (Laura) ၆နှစ်ရှိသောအခါ သူမသည် စက်ဘီးအနင်းကျင့်သည့်ခုံတွင် မနင်းချင်တော့ကြောင်း ပြောလာပါသည်။ သူမသည် စက်ဘီးနင်းခုံတွင် လေ့ကျင့်ခြင်းမရှိဘဲ စက်ဘီးမစီးနိုင်ကြောင်း ကျွန်ုပ်သိပါသည်။ သို့သော် သူမက စက်ဘီးစီးချင်စိတ် ပြင်းထန်နေသည်။ ကျွန်ုပ်က နောက်ထိုင်ခုံတွင် ထိုင်ကာ စက်ဘီးလက်ကိုင်ကို ထိန်းပေးသဖြင့် သူမက ကားလမ်းအတိုင်း စက်ဘီးကိုနင်း၍ ဆင်းသွားသည်။

နောက်ဆုံးတွင် အရှိန်ရလာသည်။ ကျွန်ုပ်ကြာကြာ မထိန်းနိုင်တော့။ လွှတ်ပေးလိုက်ရန်လည်း ခက်လှပါသည်။ သူမ လဲကျမည်ကို ကျွန်ုပ်သိသည်။ သို့သော် လွှတ်ပေးလိုက်ပြီး "ဆိုးဆိုးရွားရွား မထိခိုက်ပါစေနှင့်" ဟုသာ ဆုတောင်းလိုက်ရပါသည်။

သူမ လဲကျသွားသဖြင့် ကပြာကရာပြေး၍ ပွေ့လိုက်သည်။ သူမကို စက်ဘီးပေါ်ပြန်တင်ပေးလိုက်ပြီး မျက်ရည်များကို သုတ်ပေးလိုက်ပါသည်။ "ဖေဖေတို့အတူစီးကြတာပေါ့" ဟုပြောလိုက်သည်။

ကျွန်ုပ်တို့ကားလမ်းအတိုင်း စ၍စီးကြသည်။ လော်ရာက "ဖေဖေကသမီးကို အတင်းဖက်ထားတာကိုး" ဟုပြောသည်။

"လော်ရာ သမီးကျသွားရင် မိအောင်လို့ပေါ့"

" ဖေဖေ သမီးကျသွားမှ ဖမ်းပါ။ မကျခင်အရမ်းမဖက်ပါနဲ့"

မိဘကောင်းတစ်ဦးဖြစ်ဖို့ ခက်ခဲလှသည်။ မိဘတစ်ဦးသည် တစ်နေ့တည်းတွင်ပင် မည်သည့်အခါထိန်းကိုင်ထားပြီး မည်သည့်အခါလွှတ်ပေးရမည်ကိုပင် ကြိမ်ဖန်များစွာ ဆုံးဖြတ်ရသည်။ ကျွန်ုပ်တို့သည် သားသမီးများအား တင်းကျပ်စွာဖက်ထားပြီး လမ်းညွှန်ကြသည်။ သူတို့ကိုယ်တိုင် တာဝန်သိသော လူကြီးများဖြစ်လာကြပါစေဟု ဆုတောင်းကြသည်။ သူတို့အား တင်းကျပ်စွာဖက်ထားနေလျှင်လည်း သူတို့၏ဘဝတစ်လျှောက်လုံး ကျွန်ုပ်တို့အပေါ်တွင်သာ မှီခိုနေကြပေလိမ့်မည်။ တဖြည်းဖြည်းမသိမသာ လက်လွှတ်ပေးခြင်းဖြင့် တာဝန်သိသော လူကြီးများ ဖြစ်လာနိုင်သည့် အခွင့်အလမ်းကို ကောင်းစွာရရှိကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ ကလေးများအား ရုပ်ပိုင်းဆိုင်ရာအရ လွှတ်လိုက်ရမည် ဖြစ်သည့်တိုင် သူတို့အား စိတ်ပိုင်းဆိုင်ရာအရ လက်လွှတ်နိုင်မည် မဟုတ်ပါ။

ကလေးများသည် ယခင်က သူတို့ဘာလုပ်ခဲ့သည်ဖြစ်စေ မလုပ်ခဲ့သည်ဖြစ်စေ အနာဂတ်တွင် ဘာလုပ်မည်ဖြစ်စေ မလုပ်မည်ဖြစ်စေ သူတို့အား ချစ်မြတ်နိုးရမည် လက်ခံရမည် ဖြစ်ပါသည်။ သူတို့သည် ကျွန်ုပ်တို့၏ သားသမီးများဖြစ်ကြသောကြောင့် သူတို့အားကျွန်ုပ်တို့ ချစ်မြတ်နိုးရပါမည်။ တစ်ခါတစ်ရံ သူတို့၏ ထိန်းမရသော အပြုအမူကြောင့် ထိုသို့ ချစ်မြတ်နိုးရန် ခက်ခဲတတ်သည်။ အပြုအမူက လက်ခံနိုင်ဖွယ်မရှိသော်လည်း သူတို့ကိုကား လက်ခံရပါမည်။ လက်မခံနိုင်ခြင်းသည် မိဘကော သားသမီးတွက်ပါ ပိုမိုဆိုးရွားသွားစေပါသည်။ သို့သော် လက်ခံခြင်းအားဖြင့် ကလေးငယ်၏ ကိုယ်ပိုင်မျှော်မှန်းချက် မြင့်မားလာစေပြီး အားသစ်အင်သစ်များ တိုးပွားလာကာ သူတို့၏ အပြုအမူများကိုလည်း တိုးတက်လာစေပါသည်။

ကောင်းသော အပြုအမူကို အဆုံးစွန်မြှင့်တင်ပေးသင့်ပြီး ဆိုးသောအပြုအမူကိုမူ အနိမ့်ဆုံးဖြစ်အောင် လျှော့ချပေးရမည်။ ဆိုးသောအပြုအမူကို လျစ်လျူမရှုသင့်ပါ။ ထို့အတူ အလေးမပေးသင့်ပါ။ မိဘများအနေဖြင့် ကျွန်ုပ်တို့၏ သားသမီးများက ကျွန်ုပ်တို့၏ မနှစ်သက်သော အပြုအမူများ တုန့်ပြန်မှုများကို သတိပြုစေချင်ကြပါသည်။ သို့သော် ကျွန်ုပ်တို့၏ ကိုယ်တိုင်ကိုဖြစ်စေ သူတို့ကိုဖြစ်စေ ဆန့်ကျင်သောအမြင်များ ဖိစီးလွှမ်းမိုးခြင်းကို မခံယူစေချင်ပါ။ ကျွန်ုပ်တို့အနေဖြင့် အပြုသဘောဆောင်သော တုန့်ပြန်မှုများကို အလေးပေးရပါမည်။

**ချစ်ခြင်းမေတ္တာ။ မိအောင်ဖမ်းဖရက်ဒီ။** ပြနေသောတီဗွီအစီအစဉ်တစ်ခုတွင် လူကြီးတစ်ဦးက သတင်းစာကိုကွယ်ပြီး ဖတ်နေသဖြင့် သူ၏ခြေထောက် နှစ်ဘက်ကိုသာမြင်ရသည်။ တီဗွီကင်မရာက ခွေးရုပ်ကလေးတစ်ခုဖြင့် ကစားနေသော ကလေးငယ်နှစ်ဦးသို့ ရုတ်တရက် လျင်မြန်စွာ ချိန်လိုက်သည်။ စီးပွားရေးကြော်ငြာက ကျွန်ုပ်တို့မြင်လိုက်သကဲ့သို့ပင် လိမ့်နေသော ဘောလုံးကလေးကိုမိအောင်ဖမ်းသော ခွေးရုပ်ကလေးပင် ဖြစ်သည်။ ထိုခွေးရုပ်ကလေးကို မိအောင်ဖမ်း ဖရက်ဒီ ဟုအမည်ပေးထားသည်။

ကလေးများက ဘောလုံးကို လှိမ့်လိုက်သည်။ ခွေးရုပ်ကလေးက မိအောင်ဖမ်းသည်။ ထိုနောက် ဘောလုံးကြီးတစ်လုံးက ကြမ်းပြင်ပေါ်ကိုလိမ့်ပြီး ခွေးရုပ်ကလေးကိုထိမှန်သည်။ ကလေးများက လှည့်ကြည့်ရာ သူတို့၏မျက်နှာများဝင်းလက်သွားပြီး "အိုး ဖေဖေ" ဟု တအံ့တသြ အော်လိုက်ကြသည်။

ဖေဖေက ကြမ်းပြင်ပေးသို့ ထိုင်ချလိုက်ပြီး ကလေးများကို ပွေ့ဖက်လိုက်သည်။ ရည်ရွယ်ချက်မှာ "သင်လည်း မိအောင်ဖမ်းဖရက်ဒီ ဟူသောခွေးကလေးနှင့် ရယ်မောပျော်ရွှင် နိုင်ပါသည်" ဟူသောသဘောပင်။

ခရစ္စမတ်တွင် စတိုးဆိုင်အတော်များများသို့ ကျွန်ုပ်ရောက်ရှိရာတွင် ထိုနှစ်အတွက် မိအောင်ဖမ်း ဖရက်ဒီဟူသော ခွေးရုပ်ကလေးမှာအရောင်းသွက်ဆုံး ပစ္စည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ သူတို့တွင် မိအောင်ဖမ်းဖရက်ဒီ ဟူသောခွေးရုပ်ကလေးသာ ရှိခဲ့လျှင် သူတို့၏ ဖေဖေသည် ခြေထောက်နှစ်ချောင်းနှင့် သတင်းစာအများကြီး ဖတ်ပြီး သူတို့ကိုလည်း ကြမ်းပြင်ပေါ်တွင် ထိုင်၍ပွေ့ဖက်ကာ သူတို့နှင့်အတူ ကစားကြလိမ့်မည်ဟု ယူဆထားၾကသည်။

ကျွန်ုပ်တို့နိုင်ငံရှိ ကလေးသူငယ်တရားရုံးများတွင် ထိန်းသိမ်းခံရသော လူငယ်အများစုက သူတို့၏မိဘများသည် ကြမ်းပြင်ပေါ်တွင်ထိုင်ကာ သူတို့နှင့် မည်သည့်အခါမျှ ကစားလေ့မရှိကြကြောင်း ပြောပြကြသည်။ ထို့ပြင် သူတို့၏ မိဘများက သူတို့အားချစ်သည်

ဟုမခံစားကြရကြောင်းကို ပြောပြသည်။ ချစ်ခြင်းမေတ္တာသည် ကြမ်းတပြေးတည်းအတူထိုင်ကာ ကလေးများကို ပွေ့ဖက်၍ ကစားခြင်းပင်ဖြစ်သည်။

**ယုံကြည်မှု။** ယုံကြည်မှုသည် တာဝန်သိသော ကလေးများ ပြုစုပျိုးထောင်ရာတါင် မိဘများအတွက် နမူနာယူစရာ ဒုတိယဂုဏ်အင်္ဂါ ဖြစ်သည်။ ကလေးတစ်ဦး ပြည့်ဝစွာ ရှင်သန်နိုးကြားရေးအတွက် သူ့ကိုယ်သူနှင့် ဘုရားသခင်အပေါ်တွင် ယုံကြည်မှုရှိရမည်။ "အတူတကွာ ဆုတောင်း၍ အတူတကွနေထိုင်ခြင်းကား မိသားစုဘဝဖြစ်သည်။

ဘုရားသခင်၏ ဆုံးမစကားကို ကြားနာခြင်းမှ ယုံကြည်မှုဖြစ်ပေါ်လာသည်။ သူတို့တွင် အသိပညာနည်းပါးလျှင် ဘုရားသခင်ထံလျှောက်ထား တောင်းခံနိုင်သည်ကို ကလေးများ အတိပြုမိရန်လိုအပ်သည်။ ကလေးတစ်ဦးသည်လည်း လူကြီးတစ်ဦးကဲ့သို့ပင် ကယ်တင်ခြင်း အစီအစဉ်ကို လိုက်နာခြင်းအဖြစ်မှ ကယ်တင်နိုင်သည်။

မိဘများဖြစ်ကြသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သားသမီးများအား မွေးမြူပြုစုခြင်းဖြင့် ဘုရားသခင်ကိုကျေးဇူးဆပ်ရန် ဆုံးဖြတ်ကြရမည်။ ကျွန်ုပ်တို့ ခရစ်ယာန်ဘာသာတွင် ကောင်းသောမိဘများ အလိုအလျောက် ဖြစ်အောင်ပြုလုပ် မပေးနိုင်သော်လည်း မိဘကောင်းဖြစ်လာစေရန် ထင်ရှားသောအဆင့် တစ်ခုဖြစ်သည်။ ကလေးများအား ဟစ်အော်ကြိမ်းမောင်းခြင်းထက် ချီးမွမ်းခြင်းပြုရန် ဘုရားသခင်၏ ခွန်အားကိုရယူကြသည်။ ကလေးတစ်ဦးအတွက် သူ့ကိုယ်သူ ယုံကြည်မှုရရှိရေးအတွက် ကျွန်ုပ်တို့က သူ့အား ချီးမွမ်းရမည်။ သူတို့ ကလေးများအား ချီးမွမ်းရန် ဘာမျှမတွေ့ကြောင်း စိတ်ဆိုးဒေါသထွက်စရာသာ တွေ့ကြောင်းမိဘများက ကျွန်ုပ်ကိုပြောပါသည်။

ကလေးတစ်ဦး ဖိနပ်စီးထားလျှင် လျှောက်ပတ်သောချီးမွမ်းစကားဆိုပါ။

၁၇ နှစ်သားကလေးတစ်ဦးက လက်ကလေးပိုက်ပြီး ကျွန်ုပ်အခန်းသို့ ရောက်လာသည်။ သူ၏ ခုခံကာကွယ်လိုမှုကို ကုလားထိုင်ပေါ်တွင် ပျင်းယိစွာထိုင်ချလိုက်ခြင်းက သက်သေပြနေသည်။ သို့သော် သူကနှုတ်ခမ်းများကို တင်းတင်းစေ့ထားသည်။ သူ၏အံ့သွားချင်းကြိတ်သံကိုပင် ကျွန်ုပ်ကြားရသည်။ သူ၏ အလစ်သုတ်မှုနှင့် ပတ်သက်သော ရဲတပ်ဖွဲ့အစီရင်ခံစာတစ်စောင် ကျွန်ုပ်ထံတွင်ရှိနေပြီး စစ်မည်ကိုသူသိသည်။ သူ၏ မကြခဏရန်ဖြစ်တတ်မှုကိုလည်း သူ့ကျောင်းမှ အကြံပေးလမ်းညွှန်သူနှင့် ကျွန်ုပ်တို့ဆွေးနွေးပြီးဖြစ်လိမ့်မည်ကိုလည်း သူသဘောပေါက်ပုံရသည်။ သူ့ဖခင်က တယ်လီဖုန်းဖြင့် တိုင်ကြားသည်ကို သူတွေးမိသဖြင့်လည်း သူ၏အံကြိတ်သံကပို၍ပို၍ ကျယ်လောင်လာသည်။

ချာတိတ်က ကျွန်ုပ်နှင့်တွေ့ရန်အဆင်သင့်ပင်။ သူ့တွင် ဘာမှမဖြစ်နိုင်ပါဘူး ဟူသောအကြည့်ရှိသည်။ ကျွန်ုပ်က ပြုံးလိုက်သည်။ ကျွန်ုပ်၏ ရုံးခန်းသို့လာသော လူငယ်တိုင်းအား အထူးသဖြင့် ရင်ဆိုင်တိုက်ခိုက်ရန် တာစူနေသောလူငယ်တိုင်းအား ကျွန်ုပ်ပြုံးပြလေ့ရှိသည်။ ထိုအပြုံးက သူ့အားပွင့်လင်းသွားစေပါသည်။ ကလေးငယ်တစ်ဦးအား ပြောဆိုဆက်သွယ်နိုင်ရန်အတွက် ထိုကလေးငယ်အားချီးမွမ်းနိုင်မည့်အရာ တစ်ခုခုရှာဖွေရမည်ကို ကျွန်ုပ်သဘောပေါက်နေခဲ့ပါသည်။ နှစ်ဦးသား ငြိမ်သက်ခြင်းကို ကျွန်ုပ်က "သားရဲ့ဘယ်ဘက်ဖိနပ်ကြိုးကို သေသေချာချာ ချည်ထားတာကိုး" ဟုဖြိုခွင်းလိုက်သည်။

ထိုမှတ်ချက်က ထိရောက်သွားပုံရပါသည်။ သူက ကျွန်ုပ်ကို တအံ့တဩကြည့်၍ "ဟုတ်ကဲ့ ဟုတ်ပါတယ်" ဟုသဘောတူကြောင်းပြောသည်။ ဤသို့ ချီးမွမ်းခြင်းအတွက် ခံယူရန် အဆင်သင့်မဖြစ်သေးပုံရသည်။ သူ့အား တစ်ခုခုအတွက် တစ်စုံတစ်ယောက်က ချီးမွမ်းပြောဆိုသည်မှာ ဤအကြိမ်က ပထမဆုံးဖြစ်ဟန်တူသည်။ နောင်တွင် ဤအတိုင်းဟုတ်မှန်ကြောင်း သူကပြောပြပါသည်။ အကယ်၍သာ ကျွန်ုပ်ကသူနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးမတည်ဆောက်ခဲ့လျှင် သူနှင့်ပတ်သက်၍ မကောင်းကြောင်းဖော်ပြထားသော အစီရင်ခံစာနှင့် ခြားနားလိမ့်မည်မဟုတ်ပေ။

လူငယ်အနေဖြင့် သူ့ကိုယ်သူယုံကြည်မှုရှိရန် လိုအပ်သည်။ သူသည် မှန်သောကိစ္စတစ်ခုခု ပြုလုပ်ခဲ့ကြောင်း ယုံကြည်မှုရှိရန်လိုအပ်သည်။ သူက ပြန်၍ပြုံးပြပြီး ဦးစွာချီတုံချတုံ ဖြစ်နေသေးသည်။ နောက်မှာ ရဲဝံ့စွာဖြင့် "ဒီမှာကြည့်ပါလား။ ကျွန်တော် ဖိနပ် ၂ဘက်စလုံးကို သေသေချာချာ ချည်ထားတာ" ဟု ကျွန်ုပ်၏ အလေးထားမှုကို တုန့်ပြန်ပါသည်။ ဆက်လက်၍ " ကျွန်တော့မှာ ဖိနပ်တစ်ရံရှိသေးတယ်။ ဒါပေမဲ့ အဲဒီဖိနပ်ကိုတော့ ကြိုးမချည်ဘူး" ဟု အလိုအလျောက်ပြောပြပါသည်။

ပြုံးရယ်ခြင်းမှသည် မပွင့်တပွင့် ရယ်မောသည်အထိလည်းကောင်း မပွင့်တပွင့်မှာ ပွင့်လင်းလွတ်လပ်စွာ ရယ်မောသည်အထိလည်းကောင်း အဆင့်ဆင့် တိုးတက်လာသည်။ သူက မီးဖိုချောင်ကြပ်ခိုးစင်ပေါ်ရှိ ကြေးနီရောင်ဖိနပ် တစ်ရံမှမကျန် ဖိနပ်အားလုံးအကြောင်းကိုကျွန်ုပ်အားပြန်၍ ပြောပြပါသည်။ ဆယ်မိနစ်ခန့် စကားပြောဆိုပြီးကြသောအခါ သူနှင့်ကျွန်ုပ်၏ အပြန်အလှန်ရင်းနှီးပြေလည်မှုသည် အသားကျလာတော့သည်။ သူက ဖြေးလေးစွာဖြင့် "သိပ်ကိုဒုက္ခရောက်တဲ့ ရက်တွေပါပဲ" ဟု သူ၏အပြုအမူကို ပြောပြခဲ့သည်။ ကျွန်ုပ်ကလည်း သဘောတူပါသည်။ ကျွန်ုပ်တို့ ပြဿနာကို ဆွေးနွေးခဲ့ကြပြီး သင့်တော်သောစည်းကမ်း သတ်မှတ်ရေးဆိုင်ရာ အစီအမံတစ်ခုကို ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ ကလေးများတွင် သူတို့ကို သူတို့ယုံကြည်မှု ဖြည်းဖြည်းချင်းစိမ့်ဝင်လာစေရန် ဦးစွာ ကျွန်ုပ်တို့က သူတို့အား ချီးမွမ်းရပါမည်။ ကျွန်ုပ်တို့က သူတို့အား မှန်ကန်စွာဆောင်ရွက်စေလိုလျှင် သူတို့ဆောင်ရွက်နေသော မှန်ကန်မှုကို ထပ်ကာထပ်ကာ ပြောနေရပါမည်။ ထိုနောက် သူတို့ပို၍ပို၍ မှန်ကန်စွာဆောင်ရွက် ကြပါလိမ့်မည်။ သို့သော် သူတို့မှားယွင်းခဲ့သောအရာတစ်ခုကို ကျွန်ုပ်တို့က ထပ်ကာထပ်ကာ သတိပေးနေလျှင် သူတို့က ထိုအမှားကိုပင် ပို၍ပို၍ ပြုလုပ်ကြပေဦးမည်။ မည်မျှ ဆန့်ကျင်ဘက်ကွာခြားလိုက်ပါသနည်း။

မိဘများသည် တစ်ခါတစ်ရံ သူတို့သားသမီးများအတွက် တာဝန်ယူလွန်းသည်။ ထိုနောက် ကလေးငယ်က အောင်မြင်မှုမရှိသောအခါ မိဘများက လူဆိုးကြီးသဖွယ် ဖြစ်လာတော့သည်။ ၁၆နှစ်အရွယ် ကလေးတစ်ဦးက ဖခင်အား ကားလိုချင်ကြောင်း ပြောသောအခါ မိဘအများစုက "မင်းတော့ရူးနေပြီ" ဟုပုံမှန်ပြောကြပါလိမ့်မည်။ ထိုသို့ပြောမည့်အစား ကျွန်ုပ်တို့က ပြုံး၍ "ဟုတ်တာပေါ့ သားရယ်" ဟု သူ၏ကျောရိုးကို ပုတ်ပြီး ပြောသင့်ပါသည်။ "သားမှာ ကားရှိသင့်တာပေါ့" ကလေးငယ်က ညစာစားပွဲတွင် ထိုသို့မေးကောင်းမေးပါမည်။ "ဖေဖေ အာလူးပန်းကန်လေး လှမ်းပေးနိုင်မလားဟင်၊ ဒါနဲ့သားကို ဘယ်တော့ကားဝယ်ပေးမှာလဲ" ဟုမေးနိုင်ပါသည်။ သင်ကပြုံးပြီး ဆုတောင်းရင်း "ရော့ ဒီမှာ အားလူးပန်းကန် ဘယ်တော့ဝယ်ရမလဲမသိသေးပါဘူး။ သားကကော ဘယ်တော့လောက်လိုချင်တာလဲ။ ပြီးတော့ ကားဝယ်ဖို့ ပိုက်ဆံရအောင် သားကဘယ်တော့ရှာမှာလဲ။ ဘယ်တော့ ကားမောင်းမှာလဲ" ဟူ၍မေးလိုက်ပါ။ ကားကိစ္စနှင့် ပတ်သက်သော တာဝန်သည် ကလေးငယ်အပေါ် ရောက်ရှိသွားပါလိမ့်မည်။ ထို့ပြင် ကားဝယ်ရန် ငွေရှာရခြင်းကိုလည်း ကလေးငယ် လက်ခံလာပါလိမ့်မည်။

ကျွန်ုပ်တို့သားသမီးများသည် သူတို့၏စွမ်းဆောင်နိုင်ရည်အား ယုံကြည်မှုခွန်အားများ ရရှိလာကြသောကြောင်း တာဝန်ဝတ္တရားများကို လက်ခံရန် ပြင်ဆင်လာကြပါလိမ့်မည်။ တာဝန်သိသော အပြုအမူမှတစ်ဆင့် လုပ်ငန်းများအောင်မြင်ပြီးစီးမှုကို ရရှိသည်။ တာဝန်သိသော အပြုအမူသည် သူတို့ကိုယ်တိုင် ယုံကြည်မှုကို တိုးတက်လာစေပြီး အဆိုပါ တိုးတက်လာသော ယုံကြည်မှုကြောင့်ပင် အောင်မြင်ပြီးစီးမှုကို ရရှိစေသည်။

**ပျော်ရွှင်မှု။ ပျော်ပွဲစားထွက်လိုခြင်း။** တာဝန်သိတတ်သော ကလေးများ မွေးမြူပျိုးထောင်ရာတွင် တတိယလမ်းညွှန်ချက်မှာ ပျော်ရွှင်ခြင်းပင် ဖြစ်ပါသည်။ ချစ်ခင်ကြင်နာတတ်သော မိဘများသည် ကျောက်တုံးကဲ့သို့ အေးစက်မာကျောခြင်းမရှိဘဲ နွေးထွေးကြပါသည်။

ကျွန်ုပ်နှင့် နယ်မြေခံဘုန်းတော်ကြီးတစ်ပါးသည် ထိန်းသိမ်းထားသော ကလေးသူငယ်များအား တစ်ခါတစ်ရံ စသည့်နောက်ပြောင်သည့် လုပ်ငန်းကို ပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ခြင်းမှာ သူတို့နှင့်အတူ ပျော်ရွှင်မှုရရှိစေရန် ဖြစ်သည်။ သူတို့အားတမင် သိက္ခာကျစေရန် ပြောင်လှောင်ခြင်းမျိုး၊ စိတ်ဓါတ်ကျအောင် နောက်ပြောင်ခြင်းမျိုးမဟုတ်ပါ။ သူတို့အား နောက်ပြောင်ကာစတွင် သူတို့တအံ့တသြဖြစ်ကြသည်။ ရန်လိုတတ်သော ဒေါသကြီးတတ်သော ကလေးတစ်ဦးအား ရက်အနည်းငယ် နောက်ပြောင်ပြီးသောအခါ အထူးပျော်ရွှင်မှုတစ်ခုကို ပြုလုပ်ကြသည်။ ထိုနောက် ကလေးငယ်၏ နှုတ်ခမ်းကလေးများ တွန့်ကွေးလာကာ သူ၏ပထမဆုံးအပြုံးကို စောင့်ကြည့်ကြသည်။ သူပြုံးလာပြီးနောက်မှ သူနှင့် ကျွန်ုပ်တို့ စကားပြောဆိုကြရန် အဆင့်သင့်ဖြစ်ပေပြီ။

ထို့အတူ ကျွန်ုပ်တို့၏ သားသမီးများနှင့်လည်း ပျော်ရွှင်ကြည်နူးမှုရအောင် မည်သို့ပြုလုပ်ရမည်ကို မသိပါ။ ထိုအထဲမှ လေလွင့်လူငယ်အနည်းငယ်မျှသာလျှင် ပျော်ရွှင်စွာနေတတ်သော ပျော်ရွှင်မှုကို ဖန်တီးတတ်သော ဝန်းကျင်မှပေါက်ဖွားလာကြပါသည်။ ကလေးအများစုအတွက်မှာမူ ပျော်ရွှင်တတ်ရန် လေ့လာဖို့လိုအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်တစ်ဦးကို မကြာခဏမေးလေ့ရှိသော မေးခွန်းမှာ "မင်း ပျော်ရွှင်အောင်ဘာလုပ်သလဲ" ဟူ၍ဖြစ်သည်။ ပြဿနာရှင်လူငယ် အများစုက "ဘာမှမလုပ်ပါဘူး" ဟူ၍ စိတ်ဓါတ်ကျသောအဖြေကို တုန့်ပြန်ခဲ့ကြပါသည်။ ဘဝ၏အရည်အသွေးတွင်ပျော်ရွှင်မှုက ထူးခြားသောပြောင်းလဲမှုကို ဖြစ်ပေါ်စေပါသည်။ ကလေးများက သူတို့ပြုလုပ်သောကိစ္စ သူတို့အလိုအလျောက်တုန့်ပြန်သောကိစ္စကို အဘယ်ကြောင့်ပြုလုပ်ကြမှန်း မသိကြပါ။ သူတို့သည် လေလွင့်သောအပြုအမူများကို ကြိမ်ဖန်များစွာ ပြုလုပ်ကြသည်။ အကြောင်းမှု ထိုသို့လေလွင့်ခြင်းဖြင့် ပျော်ရွှင်မှုရမည်ဟု ယူဆကြသောကြောင့် ဖြစ်ပါသည်။

ပျော်ရွှင်မှုရခြင်းသည် သဘာဝအလျောက် ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ ပျော်ရွှင်မှုအတတ်ပညာကား လေ့လာသင်ယူရခြင်းဖြစ်ပြီးယင်းကို သူတို့အား သင်ကြားပေးမည့် မိဘဆရာ သို့မဟုတ် ဘုန်းတော်ကြီးဟူ၍ မရှိကြပေ။

**မိဘဆရာအသင်းဝင်မိခင်။** မိဘဆရာအသင်း အစည်းအဝေးပွဲတစ်ခုတွင် မိခင်တစ်ဦးက လက်ထောင်လိုက်သည်။ သူမ၏ ကလေးငယ်ကို နံနက်စောစောအိပ်ရာထပြီး အိပ်ရာသိမ်း နံနက်စာစားကာ ကျောင်းကိုအချိန်မီတက်ရောက်နိုင်အောင် သူမ မပြုလုပ်နိုင်သောကြောင့် စိတ်ညစ်နေရသည်။ ကလေးငယ်၏ အပြုအမူကို ပြောဆိုရှင်းပြနေချိန်တွင် သူမမျက်ရည်ဝဲနေသည်။

သူ့အသက်ဘယ်လောက်ရှိပြီလဲဟု ကျွန်ုပ်ကမေးလိုက်သည်။

"၇နှစ်" ဟု သူမကပြောပါသည်။

ကလေးကို ပြုံးရွှင်အောင် လုပ်သလားဟု လုပ်နိုင်သလားဟု ကျွန်ုပ်ကမေးသည်။ ကျွန်ုပ်ကပင် "ခင်ဗျားရဲ့ကလေးကို ပြုံးအောင်ပျော်အောင်မလုပ်နိုင်ရင် သူ့ကိုခင်ဗျား လုပ်ခိုင်းစေချင်တာကို ခိုင်းဖို့ခက်လိမ့်မယ်" ဟုရှင်းပြလိုက်ပါသည်။

ကျွန်ုပ်တို့ ကလေးများအား ချစ်တတ်အောင် မိမိကိုယ်မိမိ ယုံကြည်စိတ်ရှိအောင် ရယ်မောပျော်ရွှင်တတ်အောင် သင်ကြားမပေးလျှင်တစ်နေ့တွင် ထိုကလေးများအား ကလေးသူငယ်တရားရုံးတွင် ကျွန်ုပ်တို့တွေ့မြင်ရမည့် အခွင့်အလမ်းတိုးတက်လာပေလိမ့်မည်။

မျှော်လင့်ချက်။ စတုတ္ထအချက်ဖြစ်သော မျှော်လင့်ချက်ကား ပို၍ပင်ခက်ခဲပေလိမ့်မည်။ ကလေးငယ်တစ်ဦးအား သူ့တွင် ကောင်းမွန်သောဘဝတစ်ခု ပိုင်ဆိုင်တော့မည်။ ထိုဘဝက အသက်ရှင်နေထိုင်ရန် အဖိုးတန်လိမ့်မည်ဟူသော ခံစားချက်ရရှိအောင်

ဖြည့်ဆည်းပေးရပါမည်။ သူ့အတွက် ဘာမျှအကျိုးမရှိ၊ အဓိပ္ပါယ်မရှိဟု ခံစားရလျှင် သူ၏ရှင်သန်နေခြင်းကား စိတ်ပျက်ဖွယ်ရာပင်။

ကလေးများသည် ဘုရားသခင်က သူတို့နှင့်အတူ နေသည်ဟုသိနေလျှင် ပို၍စိတ်သက်သာရာ ရရှိတတ်ကြသည်။ သူတို့အား ဆုံးဖြတ်ချက် မပြုပါနှင့်။ သို့သော် ချစ်ခြင်းမေတ္တာ ဖြည့်ဆည်းပေးပါ။ "ဘုရားသခင် စောင့်ရှောက်လိမ့်မည်" ဟူသော မစ္စတာ ဂျော့ဘဲဗာလေရှီးလား (Mr. George Beverly Shea) ၏ သီချင်းကို ကျွန်ုပ်တို့၏ သမီးလေး ထရီနာ (Tnna) က တိပ်ရီကောဒါ မှနားထောင်နေသည်။ ခဏကြာသော် ၃နှစ်သာရှိသေးသော ထရီနာက ဘုရားသခင်က ဘယ်သူလဲဟုမေးသည်။ ကျွန်ုပ်က ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဘုရားသခင်ကို ဂျီးဆက်ဟုခေါ်ကြောင်း ကျွန်ုပ်တို့၏ ကောင်းကင်ဘုံမှ ဖခင်ကြီးဖြစ်ကြောင်း ရှင်းပြပါသည်။ ထရီနာက သို့ဆိုပါက ဘုရားသခင်က သူမကိုစောင့်ရှောက်မည်လားဟု မေးပါသည်။ ကျွန်ုပ်က သေချာစွာစောင့်ရှောက်မှာပေါ့ဟု ပြောရာ သူမက "သိပ်ကောင်းတာပေါ့" ဟုဆိုပြီးဆက်၍ "ဒါဆိုရင် သမီးမနက်ဖြန် ကလေးစောင့်ရှောက်ရေးဌာနကို သွားစရာမလိုတော့ဘူး" ဟုပြော လိုက်ပါတော့သည်။

## စိတ်လှုပ်ရှားမှုထောင်ချောက်များကိုမည်သို့ရှောင်ရှားမည်နည်း။

**အောင်မြင်မှုမရှိသောကလေးငယ်။** ရှုံးနိမ့်မှုကို ရှေ့ရှုနေသော ကလေးတစ်ဦးအတွက် ပုံမှန်ရှုံးနိမ့်မှုဖြစ်စဉ်သည် အချိန်ကြာတတ်သကဲ့သို့ အောင်မြင်မှုကို ရှေ့ရှုလာသော ရှုံးနိမ့်သည့် ကလေးငယ်တစ်ဦးအတွက် ဆိုပါမူ ပို၍ပင်အချိန်ကြာတတ်ပေသည်။ ဘုရားသခင်က ကလေးတစ်ဦးချင်းစီကို ကြီးမားသောစွမ်းအား ဖန်တီးပေးထားသည်။ အချို့ကလေးများက အခြားကလေးများထက်ပို၍ အားထုတ်ကြရသော်လည်း ကလေးတိုင်းတွင် ကျွမ်းကျင်မှုအချို့အတွက် စွမ်းရည်များရှိကြပါသည်။

ကလေးတစ်ဦးက ရှုံးနိမ့်သည်ဟု ခံစားရသောအခါ သူနှင့်ပတ်သက်ပြီး ရည်မှန်းချက်အတိုကလေးများ ချမှတ်လုပ်ဆောင်ရပါမည်။ ကျွန်ုပ်တို့၏ အကြံပေးမှုဖြစ်စဉ်၏ အစတွင် ကလေးငယ်အတွက် တစ်နေ့တာဆောင်ရွက်နိုင်သော အောင်မြင်နိုင်သော ရည်မှန်းချက်များကိုသာ ချမှန်ပေးပါ။ သို့ဖြင့် တစ်နေ့တာအတွက် သေးငယ်သောအောင်မြင်မှု ကလေးများကို ကလေးငယ်ခံစားလာရ ပါလိမ့်မည်။ ထိုစည်းမျဉ်းသည် ကလေးများအတွက် အိမ်တွင်လည်း အကျိုးဖြစ်ထွန်းနိုင်ပါသည်။ ကလေးငယ်က အောင်မြင်မှုအနည်းငယ်ကို တွေ့ကြုံခံစားရသည်နှင့် တစ်ပြိုင်နက် သူ၏စွမ်းရည်ကို သတိပြုမိလာပါလိမ့်မည်။

**စိတ်ဓါတ်ကျသောကလေးငယ်။** စိတ်ဓါတ်ကျခြင်းသည် အတွင်းစိတ်၏ နှလုံးသား၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ ကလေးတစ်ဦးသည် ချစ်ခြင်းမေတ္တာ ခေါင်းပါးမှု၊ ယုံကြည်ချက်နည်းမှု၊ ဘဝတွင်ပျော်ရွှင်မှုနှင့် မျှော်လင့်ချက် ဆိတ်သုဉ်းမှုတို့ထက်၊ စိတ်ဓါတ်ကျဆင်းမှု၊ စိတ်ဆင်းရဲမှုတို့ကို အလွယ်တကူ ခံစားရလေ့ရှိသည်။ သို့ရာတွင် ထိုင်နေခြင်း၊ ငြိမ်နေခြင်းနှင့် စိုက်ကြည့်နေခြင်းတို့ဖြင့် စိတ်ကျေနပ်နေသည်ဟု ယူဆ၍မရပါ။ အချို့ကလေးများသည် စိတ်ဓါတ်ကျနေလင့်ကစား သူတို့နှင့် ထပ်တူစိတ်ဓါတ်ကျနေသော လူကြီးတစ်ဦးထက်ပင် ပို၍လှုပ်ရှားတက်ကြွနေလေ့ရှိသည်။ ထို့ကြောင့် စိတ်ဓါတ်ကျသော ကလေးငယ်အား အခြားသူများနှင့်ပူးပေါင်းဆောင်ရွက်စေရန် အားပေးပါ။ သူ၏ ပြဿနာကိုမေ့ပျောက်ရန် ကူညီပါ။

**ရန်လိုသောကလေးငယ်။** ကျွန်ုပ်တို့သည် ရန်လိုသောလူများနှင့်အတူ နေထိုင်ရသောခေတ်တွင် ရောက်ရှိနေကြပါသည်။ လူများသည် သူတို့၏ အိမ်နီးချင်းများနှင့် ဒေါသဖြစ်နေကြသည်။ ကလေးများသည် မိဘများနှင့် စိတ်ဆိုးနေကြသည်။ မိဘများသည် ကလေးများနှင့် ကတောက်ကဆဖြစ်နေကြသည်။ ကလေးများကလည်း ဆရာများနှင့် အဆင်မပြေကြ။ ဆရာများကလည်း ကလေးများကို မကျေမနပ်ဖြစ်နေကြသည်။ နေရာတကာတွင် ရန်လိုနေကြသည်။ ချစ်ခြင်းမေတ္တာ၊ ယုံကြည်မှု၊ ပျော်ရွှင်မှုနှင့် မျှော်လင့်ချက်တို့ ထက်ရန်လိုမှုကို အလွယ်တကူ ခံစားတတ်ကြသည်။ ကလေးများသည် သူတို့၏စွမ်းရည်များကို ပျော်ရွှင်မှုဘက်သို့ မည်သို့ဦးတည်ပြောင်းလဲရမှန်းမသိသဖြင့် ရန်လိုတတ်ကြသည်ဟု ကျွန်ုပ်ယူဆပါသည်။

ယင်းကား တမင်ပြုလုပ်သော ရွေးချယ်မှုမဟုတ်ပါ။ ကလေးတိုင်းတွင် စွမ်းအားရှိသည်။ ထိုစွမ်းအားဖြင့် သူတစ်ခုခုပြုလုပ်ရမည်။ စိတ်မကောင်းစရာမှာ အချို့ကလေးများအား သူ့တွင်ရှိနေသော အခက်အခဲများကို ကျော်လွှားလွန်မြောက်စေခြင်းထက် မျှော်လင့်ချက်ကင်းမဲ့သည့် ရန်လိုသော ကလေးများအဖြစ် သတ်မှန်နေကြခြင်း ဖြစ်သည်။

**သေကြောင်းကြံစည်သော ကလေးငယ်။** မိမိကိုယ်မိမိသေကြောင်းကြံသော ကလေးတစ်ဦး အထူးသဖြင့် ဆယ်ကျော်သက်တစ်ဦးနှင့် ဆက်ဆံရခြင်းကား အစဉ်သဖြင့် သောကဖိစီးသော ကိစ္စတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်သည် ပရိုတက်စတင့်လူငယ် အကြံပေးအဖွဲ့တင် တစ်လနစ်လခန့် ဆွေးနွေးအကြံပေးစဉ်က အမျိုးသမီးကလေးတစ်ဦးက ကျွန်ုပ်ထံသို့လာပြီး "နှုတ်ဆက်ပါတယ်။ ဆွေးနွေးအကြံပေးချိန် ၄ခုအတွက် ကျေးဇူးတင်ပါတယ်" ဟုပြောပါသည်။ သူမသည် မိနစ်အနည်းငယ်အတွင်း သေရတော့မည်ဟု ငိုကြွေးကာ သူမနှင့်အတူ ပုလင်းလွန်တစ်လုံးကိုလည်း ယူလာပါသည်။ သူမအား လက်နှိုက်၍ အန်အောင်တိုက်တွန်းပါသည်။ လူနာတင်ကားခေါ်လျှင် ထွက်ပြေးမည်ဟုလည်း သူမကပြောပါသည်။ သူမ၏ဆန္ဒမှာ စကားပြောချင်ခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်က သူမအား ခရစ်တော်၏ မမြင်နိုင်စွမ်းသော ဉာဏ်ပညာများနှင့် ခရစ်တော်က သူမအား ချစ်ခြင်းမေတ္တာထားကြောင်းကို ပြောပြပါသည်။ သို့သော် သူမက ဘာသာရေးနည်းလမ်း သို့မဟုတ် စိတ်ပညာချဉ်းကပ်မှု တစ်ခုခုကိုမျှ နားမဝင်ပေ။

သူမသည် အလွန်ဝသော မိန်းကလေးတစ်ဦးဖြစ်သည့်ပြင် သူမအနေဖြင့် ဟာသစကားပြောသည်ကိုသဘောကျမည်မှန်း ကျွန်ုပ်သိပါသည်။ ကျွန်ုပ်က

"မင်းရဲ့အသုဘခေါင်းမှာ လိုက်ပြီးပို့မယ့်လူတွေက စိတ်ကောင်းမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းကိုထည့်တဲ့ခေါင်းကြီးက လေးလွန်းတော့ သူတို့အားလုံး အူကျကုန်လိမ့်မယ်"

သူမက ကျွန်ုပ်ကိုစိုက်ကြည့်သည်။

"နောက်ပြီး ခေါင်းထဲမှာမင်းကို ထည့်လိုက်ရင် မင်းရဲ့မေးစေ့ ရယ်စရာကြီး ဖြစ်နေမှာပဲ" ကျွန်ုပ်က သူမအားသေကြောင်းကြံစည်စိတ်လျော့နည်းအောင် ရည်ရွယ်နေခြင်းဖြစ်သည်။

သူမ တွေးစပြုလာပါသည်။

သူမ၏ မိသားစုအကြောင်းကို မေးကြည့်သည်။

"သူတို့အားလုံးကို မုန်းတယ်" ဟုအော်ပြောလိုက်ပါသည်။

သူတို့အား ဤသို့ပြောခြင်းမှာ မတရားဘူးဟု ကျွန်ုပ်ကပြောလိုက်သည်။

သူမ၏ သားကလေးအကြောင်ကို မေးကြည့်သည်။

သားကလေးကို အလွန်ချစ်ကြောင်း ပြန်ပြောပါသည်။

ကျွန်ုပ်က သူမ၏ သားကလေးကို တစ်ဦးတည်းထားခဲ့ခြင်းမှာ မျှတမှုမရှိကြောင်း၊ သို့သော် သူမ မရှိလျှင်လည်း သားကလေးအတွက် အဆင်မပြေနိုင်ကြောင်း ပြောပြသည်။ ထိုနောက် သိုးမွေးထည်ကလေးတစ်ခု ထိုးပေးပြီး သူမ၏ ချစ်မေတ္တာကို ပြသင့်ကြောင်း အကြံပေးလိုက်သည်။

အလုပ်ဖြစ်သွားသည်။ သူမက ဆေးရုံသို့သွားပြီး သူမသောက်ထားသော ဆေးများကို စုပ်ထုတ်ပြစ်လိုက်သည်။

ထိုနောက် ကျွန်ုပ်တို့အစီအစဉ် ကလေးတစ်ခုရေးဆွဲ ကြပါသည်။ ၁။ ၂ပေါင်လျော့သွားခြင်း ၂။ သူမ၏ မိခင်ကို သူမကမုန်းကြောင်းပြောခြင်း ၃။ သူမ၏ခင်ပွန်းက သူမအားအပြစ်တင်သည်များကို ပြန်ပြောပြခြင်း ၄။ သူမ၏ သားကလေးအား သိုးမွေးအင်္ကျီထိုးပေးခြင်း ၅။ သမ္မာကျမ်းစာပါ ဩဝါဒဖတ်ခြင်း

သူမ၏ ဘဝအတွက် တစ်ခုခုပြောင်းလဲစေရန် ကျွန်ုပ်ဆုတောင်းပေးမည့်အကြောင်း သူမကိုပြောလိုက်ပါသည်။

သူမ၏ ခံစားချက်များကို ခင်ပွန်းသည်အား အိပ်သွန်ဖာမှောက် ပြောသကဲ့သို့ သူ့မိခင်အပေါ် ခံစားချက်များကိုလည်း ပြောပြရသဖြင့် ကျေနပ်သွားပါသည်။

အဆင့်တစ်ခုချင်းကို သူမအောင်မြင်စွာ ဆောင်ရွက်ပြီးသည့်နောက် သူမ၏ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်စိတ်လည်း ပျောက်လွင့်သွားပါ တော့သည်။

ပူဆွေးသောကရောက်နေသောကလေးငယ်။ ကလေးများစွာတို့သည် သောကဖိစီးမှုကို မကျေမနပ် တုန့်ပြန်လေ့ရှိကြသည်။ ၁၄နှစ်သား ကလေးငယ်တစ်ဦးကို သူ၏အဖိုးက ကျွန်ုပ်၏ ရုံးခန်းသို့ခေါ်လာသည်။ သူ့အကြည့်က ကျွန်ုပ်နှင့် တရားရုံးကို သူမကျေနပ်ကြောင်း ဖေါ်ပြနေသည်။ သူ့အဖိုးက သူ့အားဝါးနေသောပီကေများကို ထွေးထုတ်ရန် ခပ်တိုးတိုးပြောသည်။ ချာတိတ်က လက်ကို တင်းကျပ်စွာပိုက်ပြီး ခေါင်းငုံကာထိုင်နေသည်။

ကျွန်ုပ်ကပြုံးပြီး ကျွန်ုပ်အမည်ကို ပြောပြသည်။ သူ့အမည်ကို မေးသည်။ ပြန်မဖြေပါ။

သူကပီကေကို ဝါးရင်း မျက်မှောင်ကြုတ်ထားသည်။

ကျွန်ုပ်က ပီကေကြိုက်သလားဟု မေးလိုက်သည်။

မဖြေပါ။

ကျွန်ုပ်က ပီကေဖြင့်ပူပေါင်း မှုတ်တတ်သလားဟု မေးပါသည်။

သူ့အခွင့်အရေးကို တွေ့သွားသည်။ ကျွန်ုပ်ကို စိုက်ပြီးကြည့်နေသည်။ ပီကေကိုဝါးကာ သူ၏လျှာကလေးကို ပီကေများနှင့်အတူထုတ်လိုက်သည်။

ကျွန်ုပ်က ပြုံးကြည့်နေသည်။

သူက ပီကေကိုပြန်ပြီးဝါးကာ ပူဖေါင်းသေးသေးလေးလေး လုပ်နေသည်။

ကျွန်ုပ်က သူ့ကိုချီးမွမ်းစကား ပြောလိုက်သည်။

သူက ဒီထက်ကြီးသော ပူဖေါင်းလုပ်နိုင်ကြောင်းပြောကာ ပီကေကိုဝါးပြီး

အနည်းငယ်ကြီးသော ပူဖေါင်းကို ပြုလုပ်ပြသည်။

ကျွန်ုပ်က သူ့ကိုထပ်ပြီး ချီးမွမ်းလိုက်ပြန်သည်။

သူက ထိုထက်ကြီးသော ပူဖေါင်းလုပ်နိုင်သည်ဟုပြောကာ ပြုလုပ်ပါသည်။ စတုတ္ထပူဖေါင်းမှာ သူ့မျက်နှာလောက်ကြီးပါသည်။

ပူဖောင်းက သူ့ဆံပင်များနှင့် ထိပြီးပေါက်သွားကာ ညာဘက်မျက်စိကို အုပ်နေသဖြင့် ကျွန်ုပ်ကခွာပေးလိုက်ပါသည်။
သူက ကျွန်ုပ်ကိုကြည့်ပြီး တဖြည်းဖြည်းနှင့် ရယ်ပါလေတော့သည်။
သူ၏ အဖွားလွန်ခဲ့သော ဖလကဆုံးပါးပြီးတည်းက သူ၌ကဲ့သို့ တစ်ခါမျှ ပြုံးရယ်ဖူးခြင်း မရှိကြောင်းကို သူ့အဖိုးက မျက်ရည်များကြားမှ ပြောပြပါသည်။ ကလေးငယ်၏ ကြေကွဲမှု သောကဖိစီးမှု ပြေပျောက်စေရန် အကြိမ်များစွာ ဆွေးနွေးခဲ့ရပါသည်။

## ပြဿနာကလေးငယ်များ

ပြဿနာကလေးများကို သူတို့၏ ကလျော်ကန်သော အပြုအမူကို အစွဲပြုကာ ပြဿနာကလေးများဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာ ခေါင်းပါးခြင်း၊ ယုံကြည်မှုနည်းခြင်း၊ ပျော်ရွှင်မှုကင်းမဲ့ခြင်း၊ မျှော်လင့်ချက်ဆိတ်သုဉ်းခြင်းတို့ ကဲ့သို့သော ခံစားမှုဆိုင်ရာ လက္ခဏာများကို ညွှန်ပြခြင်းကား အပြုအမူဆိုင်ရာ ပြဿနာများပင် ဖြစ်ပါသည်။ ကလေးငယ်တစ်ဦး၏ မလျော်ကန်သော အပြုအမူမှာ သူ့ခံစားမှု၏လက္ခဏာ တစ်ရပ်ပင်ဖြစ်သည်။ ထိခိုက်ခံစားခြင်းထက် မလျော်ကန်သော အပြုအမူကို ပြုလုပ်ရန် ပို၍လွယ်သည်။
ပြဿနာ အပြုအမူများကို ဖြစ်ပွားစေသည့် ဝန်းကျင်အခြေအနေများကို သတိပြုမိရန် စာရှုသူများအားကြံပြုပါသည်။ သို့မှသာ ထိုဝန်းကျင် အခြေအနေများကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ ပြဿနာအပြုအမူကို ကြိုတင်ကာကွယ်ခြင်းထက် ယင်းကို ပြောင်းလဲရန်နည်းလမ်းများ ရှာဖွေခြင်းက ပို၍လွယ်ကူပါသည်။

**ထိန်းသိမ်းမရသောကလေးငယ်။** ကျောင်းတွင် ပြဿနာရှိသော ကလေးများသည် အိမ်တွင်လည်း ပြဿနာရှိကြသည်။
၅နှစ် သားသူငယ်တန်းကလေးတစ်ဦးက သူ့ဆရာနောက်စေ့ကို ခဲဖျက်နှင့်ပစ်သောကြောင့် ကျွန်ုပ်ထံသို့ရောက်လာခဲ့သည်။ ထိုခဲဖျက်များကို သူဘယ်ကရသည်မှန်း ကျွန်ုပ်မသိပါ။
လေ့ကြီးထိုးရိုးရိုးနည်းဖြင့် ဆွေးနွေးအကြံပေးခြင်းကား မထိရောက်ပါ။ ကျွန်ုပ်ရုံးခန်းတွင် ကစားစရာပစ္စည်းများစွာ ရှိပါသည်။ ကားရုပ်ကလေးများနှင့် ကြမ်းပြင်ပေါ်တွင် အတူကစားကြပါသည်။ ကျွန်ုပ်တို့ ၂ဦးပျော်ရွှင်ရယ်မောကြပါသည်။ ကလေးငယ် ကလေးများမှာ ချစ်စရာကောင်းပါသည်။ သို့သော် ကျွန်ုပ်တို့နှစ်ဦး ကစားကြသည်ကို သူ့မိခင်က ကြားသဖြင့် “ဒီလိုကစားတဲ့အတွက် အခပေးရတာလား” ဟုပြောပါသည်။
မိခင်နှင့် ဆရာက ကလေးငယ်အား ဘာကြောင့်ခဲဖျက်နဲ့ပေါက်တယ်ဟု မေးပါသည်။ “ဘာကြောင့်လဲ” ဟူသောမေးခွန်း မထိရောက်မှန်း ကျွန်ုပ်သိပါသည်။ ထိုသို့မေးလျှင် ကလေးက ငြင်းဆန်လိုလာလိမ့်မည်။ ထုံးစံအတိုင်း “မသိဘူး” ဟုပြန်ပြောလိမ့်မည်။ အကြောင်းမှု ဘာကြောင့် ပစ်မှန်းသူမသိ၍ ဖြစ်သည်။
လူငယ်အများစုသည် သူတို့ဘာလုပ်သည်ကို သူတို့ကိုယ်တိုင်မသိပေ။ အလိုအလျောက်သာ လုပ်ဆောင်ကြခြင်းဖြစ်သည်။
ကျွန်ုပ်က သူ့အား ဆိုင်ရာမေးခွန်းအစား
“ခဲဖျက်တွေနဲ့ ပေါက်တော့ဘာဖြစ်သလဲ” ဟုမေးပါသည်။
သူကပြုံးပြုံးကြီးလုပ်ပြီး “ဆရာက သားနာမည်ကို ခေါ်တာပေါ့” ဟုဖြေပါသည်။
ဆရာမက ဒီလိုပဲ ခေါ်သလားဟု မေးသောအခါတွင်
“မခေါ်ပါဘူး၊ သူဒေါသထွက်ပြီး မျက်နှာကြီး နီလာမှခေါ်တာပါ”
ကျွန်ုပ်ယုံကြည်ပါသည်။ ကလေးငယ်က သူ၏အမည်ခေါ်သံ ကြားရခြင်းကို နှစ်သက်သည်။ ခဲဖျက်နှင့်ပေါက်သော ပြဿနာမှာသူ့နာမည်အား ခေါ်သံကြားချင်၍ ဖြစ်သည်။
ကလေးများအား ချီးမွမ်းသောအခါ သူတို့၏အမည်ကို ထုတ်ဖော်ချီးမွမ်းသင့်ပါသည်။ ကြိမ်းမောင်းသောအခါ အမည်ကိုဖော်၍ မပြောလျှင် ပို၍ကောင်းပါလိမ့်မည်။
ကျွန်ုပ်က ကလေးငယ်နှင့် သူ့ဆရာမတို့ကို သဘောတူညီချက်တစ်ခု ပြုလုပ်ပါသည်။ တစ်ပတ်လျှင် ၂ကြိမ်/ နံနက် တစ်နံနက်လျှင် ၅မိနစ်ခန့် ကလေးငယ်က ကျောက်သင်ပုန်းကို ဘောဖျက်နှင့် ဖျက်ရမည်။ ကျောင်းမဆင်းခင် အချိန်အတွင်းတွင် ဆရာမက ကလေးငယ်၏ နာမည်ကိုခေါ်ပြီး သူ့အလုပ်အတွက် ချီးမွမ်းစကားပြောရမည်ဟူ၍ ဖြစ်သည်။
ထိုမှစ၍ ကလေးငယ်သည် သူ၏ဆရာမအား ခဲဖျက်နှင့်မပစ်တော့ပါ။ ကလေးငယ်နှင့် ကျွန်ုပ်တို့ရုံးခန်းတွင် ကားနှင့်စကားနေစဉ်ကလေးငယ်၏ မိဘနှစ်ဦးက နားနေခန်းတွင် တစ်ဦးနှင့်တစ်ဦး အော်ဟစ်စကားများကြသည်ကိုလည်း ကလေးငယ် သဘောမကျမှန်း သတိပြုမိပါသည်။
ထိုနောက် လက်ထပ်ထိမ်းမြားရေးနှင့် ပတ်သက်ကာ အိမ်ထောင်ရေး အကြံပေးမှုခံယူကြပါသည်။ ကလေးငယ်နှင့် မိဘများသည်မိသားစုအပေါ်တွင် အလေးပေး အာရုံစိုက်လာကြသည်။ မိဘများကလည်း ပို၍အဆင်ပြေလာကြပါသည်။ ခဲဖျက်နှင့်ပစ်ခြင်းကို မည်သူရပ်လိုက်သနည်းဟု ခန့်မှန်းကြည့်ပါ။